ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

e – paper ဖတ်ရှုရန်

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ စနေနေ့။ Saturday, 29 August 2026 ၁၂၂၈၅

## ယနေ့ ဖတ်စရာ

**ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန် - တိုးကြောင်ကလေး - ဒဂုံတက္ကသိုလ် ရထားခရီးစဉ်များ ပြေးဆွဲပေးမည်**



စာမျက်နှာ » ၅

**လူငယ်တွေ အားကစားမှာ ပျော်မွေ့ပါမှ လူ့ဘောင်ငြိမ်းချမ်းမှာ**

ဆောင်းပါး စာမျက်နှာ » ၆

**ဖလမ်းမြို့နယ်အတွင်း ဒေသခံပြည်သူ ၄၁၅၉၀ နေရပ်ပြန်လည်နေထိုင်**

စာမျက်နှာ » ၉

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

## နယ်စပ်ကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည့်အခြေအနေများဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သည့် H.E. Mr. Tor Saralamba သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Tor Saralamba အား လက်ခံတွေ့ဆုံစဉ်။

# နည်းပညာကျွမ်းကျင်လူ့စွမ်းအားဖွံ့ဖြိုးရေးနှင့် စက်မှုလုပ်ငန်းနှင့် ချိတ်ဆက်နိုင်ရေး Project Show နှင့် Talk Show ကျင်းပ



နေပြည်တော် ဩဂုတ် ၂၈

Talk Show အစီအစဉ်သည် ပညာရေးနှင့် လုပ်ငန်းခွင်အကြား ချိတ်ဆက်မှုကို နားလည်စေပြီး အနာဂတ် အလုပ်အကိုင်အခွင့်အလမ်းများ၊ လုပ်ငန်းခွင်လိုအပ်ချက်များနှင့် လက်တွေ့အတွေ့အကြုံများကို တိုက်ရိုက်မျှဝေပေးနိုင်မည်ဖြစ်သလို သင်ယူထားသော ပညာရပ်များကို လက်တွေ့အသုံးချပြီး Project များမှတစ်ဆင့် စက်မှုလက်မှု၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



# တပ်ကုန်းမြို့နယ်၌ ဖူးစားပြောင်းလျာထားဧကထက် ဧက ၈၀၀ ကျော်လွန် စိုက်ပျိုးနိုင်

တပ်ကုန်း ဩဂုတ် ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ ယခုနှစ်မိုးရာသီတွင် ဖူးစားပြောင်း ဧက ၁၆၉၀ လျာထားစိုက်ပျိုးကာ ယနေ့အထိ ၂၅၈၃ ဧက စိုက်ပျိုးပြီးစီးသဖြင့် ဖူးစားပြောင်းကို လျာထားဧကထက် ဧက ၈၀၀ ကျော်လွန်စိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေးကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဖော့ငမြှောင်တောင်ပိုးကျရောက်မှုကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

## ယနေ့ မိုးလေဝသ (၂၉-၈-၂၀၂၆)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

ကြေးမုံ

# ပညာရေးကဏ္ဍကိုမြှင့်တင်အားပေး စံကိုက်ကျောင်းဖြစ်စေရေးကြိုးပမ်း

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ ရရှိရေးသည် မဖြစ်မနေလိုအပ်ချက်တစ်ခုပင်ဖြစ်သည်။ လူသားအရင်းအမြစ်ကောင်းများရရှိရန်အတွက် ပညာရေးစံနှုန်းပြည့်မီသော ကျောင်းများဖြစ်စေရန် လိုအပ်သကဲ့သို့ အရည်အချင်းပြည့်ဝသည့် ဆရာ ဆရာမများနှင့် ပညာသင်ယူလိုသည့်ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုအပ်သည်။ ယင်းအခြေအနေကောင်းများပြည့်စုံလာစေရန် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် နှစ်အလိုက်ကောက်ယူခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ၁၉၇၃ ခုနှစ်တွင် အတန်းပညာမရှိသူများမှာ နိုင်ငံလူဦးရေ၏ ၅၈ ဒသမ ၁၈ ရာခိုင်နှုန်းရှိသည်။ ၁၉၈၃ ခုနှစ်တွင် ၄၁ ဒသမ ၀၉ ရာခိုင်နှုန်းရှိသည်။ ၂၀၁၄ ခုနှစ်တွင် ၁၀ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၅ ဒသမ ၆၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ အဆိုပါအတန်းပညာအခြေအနေကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ပညာရေးသည် တိုးတက်သင့်သလောက် တိုးတက်လာသည်ကို တွေ့ရသည်။ ထိုသို့တိုးတက်လာသော်လည်း လက်ရှိတွင် ပညာကို ဆုံးခန်းတိုင်အောင် သင်ကြားမှု၌ အားနည်းလျက်ရှိပြီး ပညာအဆင့်အတန်းအလိုက် ကျောင်းထွက်ရာခိုင်နှုန်းမြင့်မားနေသေးသည်ကို တွေ့ရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို နည်းလမ်းပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိသည်။ သင်ကြားရေးဆိုင်ရာ တာဝန်ရှိသူများအား ဆရာအရည်အသွေးတိုးတက်မြင့်မားရေးကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိသလို ချီးမြှင့်ထောက်ပံ့ငွေများကိုလည်း ပေးအပ်လျက်ရှိသည်။ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများအားလုံး စံကိုက်ကျောင်းများဖြစ်စေရေးမှအစ လိုအပ်သည့် အခြေခံသင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိစေရေးအတွက်လည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံပညာကျောင်းများအားလုံး စံကိုက်ကျောင်းများဖြစ်စေရေးမှာ အရေးကြီးသည့်အချက်ဖြစ်သည်။ စံကိုက်ကျောင်းဆိုသည်မှာ သတ်မှတ်ထားသော မြေဧရိယာအကျယ်အဝန်း၊ အခြေခံအဆောက်အအုံနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသည့် အခြေခံပညာကျောင်းများကို ဆိုလိုခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အခြေခံပညာကျောင်းပေါင်း ငါးသောင်းခန့်ရှိပြီး ယင်းကျောင်းများအနက် စံကိုက်သည့်ကျောင်းများမှာ ၁၀ ရာခိုင်နှုန်းခန့်သာရှိသည်။ ပညာရေးအသုံးစရိတ်အပေါ်မူတည်၍ တစ်နိုင်ငံလုံးအတိုင်းအတာရှိ အခြေခံပညာကျောင်းများအားလုံး စံကိုက်ကျောင်းများဖြစ်စေရေးအတွက် လိုအပ်ချက်များရှိခဲ့သည်။ ယခုအခါ ပညာရေးအသုံးစရိတ်ကို နိုင်ငံတော်က မြှင့်တင်ဆောင်ရွက်ပေးထားပြီဖြစ်၍ စံကိုက်ကျောင်းများ တဖြည်းဖြည်း ပေါ်ထွန်းလာမည်ဖြစ်သည်။

အခြေခံပညာကျောင်းများကို စံချိန်စံညွှန်းကိုက်ညီပြီး အညီအမျှခွဲခြားဆောင်ရွက်ရာတွင် အခြေခံမူလတန်းကျောင်းတစ်ကျောင်းအနေဖြင့် သတ်မှတ်ဧရိယာ သုံးဧကမှ ငါးဧကအထိ ရှိရမည်ဖြစ်သည်။ အခြေခံပညာအလယ်တန်းကျောင်းအနေဖြင့် ငါးဧကမှ ခုနစ်ဧကအထိရှိရမည်ဖြစ်ပြီး အခြေခံပညာအထက်တန်းကျောင်းအနေဖြင့် ခုနစ်ဧကမှ ၁၀ ဧကအထိ သတ်မှတ်ထားသည်။ စံကိုက်ကျောင်းများအဖြစ်ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများ တန်းစီသည့်နေရာများ၊ အားကစားပြုလုပ်ရန်နေရာများနှင့် အားကစားကွင်းများ ရှိရန်လိုအပ်သကဲ့သို့ အဆောက်အအုံများကိုလည်း စနစ်တကျဆောက်လုပ်ထားရန်လိုအပ်သည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သက်ဆိုင်ရာက အခြေခံပညာကျောင်းများ၏ မြေပြင်အခြေအနေကို စနစ်တကျစာရင်းကောက်ယူပြီး သတ်မှတ်ထားသည့် မြေဧရိယာအကျယ်အဝန်း အခြေအနေပေးသည့် ကျောင်းများကို စံကိုက်ကျောင်းများအဖြစ် ဦးစားပေးအဆင့်အလိုက် အဆင့်မြှင့်တင်ပေးသွားမည်ဟု နိုင်ငံတော်သမ္မတက ပြောကြားထားသည်။

စာသင်ကျောင်းများဆောက်လုပ်ရာတွင် စနစ်တကျဆောက်လုပ်ရန်နှင့် ရေရှည်အတွက် ထည့်သွင်းစဉ်းစား၍ စီမံချက်များ ရေးဆွဲဆောင်ရွက်သွားရန်လိုသည်။ စာသင်ကျောင်းများ လုံခြုံမှုရှိစေရေး၊ စနစ်တကျရှိစေရေး၊ သန့်ရှင်းသာယာမှုရှိစေရေး၊ စာသင်ကျောင်းများအနီး ပတ်ဝန်းကျင်ကောင်းများဖြစ်စေရေး အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စနစ်တကျဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားသည်။ အခြေခံပညာကျောင်းများအနေအထားအရ မြို့ပြများတွင် စံကိုက်ကျောင်းအဖြစ် တည်ဆောက်နိုင်ရန် မြေအနေအထားအရအခက်အခဲရှိသည့် ကျောင်းများရှိသော်လည်း နယ်မြို့များအနေဖြင့်မူ များသောအားဖြင့် မြေနေရာအနေအထားလောက်လောက်ငငရှိသဖြင့် စံကိုက်ကျောင်းများအဖြစ် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ကျောင်းသား၊ မိဘ၊ ဆရာ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် နိုင်ငံတော်၏ ပညာရေးကဏ္ဍတွင် စံကိုက်ကျောင်းများပေါ်ထွန်းလာပြီး စနစ်တကျ ဘက်စုံဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ်(၂/ ၂၀၂၆)ကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေ တို့ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ်(၂၂) စုံညီခုံရုံး၌ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှု အမှတ်(၂/၂၀၂၆)ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သုံးခွမြို့နယ်၌ တောင်သူနည်းပညာပေးသင်တန်း ဖွင့်လှစ်

**သုံးခွ ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂွတ်(ဒ်)ဘရားသား ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဆောင်းသီးနှံပဲတီစိမ်းစိုက်ပျိုးရာတွင် GAP စနစ် လိုက်နာကျင့်သုံးရေးနည်းပညာသင်တန်းကို အမှတ် (၇) ရပ်ကွက်၊ လေးကျွန်းမာရ်အောင်စေတီတော်ခန်းမ၌ ဩဂုတ် ၂၈ ရက်က ပြုလုပ်သည်။ ဂွတ်(ဒ်)ဘရားသားကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူ ဦးထက်အောင်က ဆောင်းသီးနှံပဲတီစိမ်း စိုက်ပျိုးရာတွင် GAP စနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာဝင်းသန်းက ပဲတီစိမ်းစိုက်ပျိုးရာတွင် GAP စနစ် လိုက်နာကျင့်သုံးရေး နည်းပညာများပို့ချခြင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန်းက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာများ ပို့ချဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## (၂၈-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၈၄၀,၃၄၁.၄၂ | ၄၄,၁၃၅,၂၄၀.၉၇ | ၆,၁၂၄,၁၀၈.၉၉ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၂၈ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈ - ၈ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၇,၅၀၀ | ၁၈,၀၀၀ | ၅၆ | ၁,၀၀၆,၀၀၀ |
| MTSH | ၉,၀၀၀ | ၈,၉၀၀ | ၂,၇၂၆ | ၂၄,၄၆၁,၅၀၀ |
| MCB | ၁၃,၀၀၀ | ၁၂,၅၀၀ | ၁၂၂ | ၁,၅၇၈,၀၀၀ |
| FPB | ၆,၈၀၀ | ၆,၈၀၀ | ၄,၀၃၂ | ၂၇,၃၁၇,၆၀၀ |
| TMH | ၃,၆၅၀ | ၃,၆၅၀ | ၂ | ၇,၃၀၀ |
| EFR | ၁,၉၀၀ | ၁,၉၀၀ | ၁,၀၁၉ | ၁,၈၈၆,၁၀၀ |
| AMATA | ၄,၁၀၀ | ၄,၁၀၀ | ၅၀ | ၂၀၅,၀၀၀ |
| MAEX | ၆,၇၀၀ | ၆,၆၀၀ | ၃,၅၉၀ | ၂၃,၉၈၃,၀၀၀ |
| MADPL(PLB) | ၆,၃၀၀ | ၆,၃၀၀ | ၃၇၁ | ၂,၃၄၃,၄၀၀ |
| ASPGB(PLB) | ၆,၇၀၀ | ၆,၆၀၀ | ၄,၃၀၃ | ၂၈,၇၂၀,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**☆ ရှေ့ဖုံးမှ**

ဦးစွာ ထိုင်းနိုင်ငံသံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ၏ ညှိနှိုင်းဆောင်တော်၊ ဂုဏ်ပြုဆောင်ခန်းမကြီးသို့ရောက်ရှိပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ထိုင်းနိုင်ငံအလံတို့အား အလေးပြုသည်။ ထို့နောက် ထိုင်းနိုင်ငံ သံအမတ်ကြီးသည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံနိုင်ငံတော်သီချင်းများကို တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ညှိနှိုင်းဆောင်တော် သံတမန်ဆောင်ညှိနှိုင်းခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba က ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

ဆက်လက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံသည် ကောင်းမွန်သော သံတမန်ဆက်ဆံမှုများနှင့်အတူ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာတိုးတက်ကောင်းမွန်လျက်ရှိမှု၊ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် ခွဲခွာ၍မရသော အပြန်အလှန်နားလည်ယုံကြည်ရသည့် အိမ်နီးချင်းနိုင်ငံများဖြစ်မှု၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံသည် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်ဇနီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ ညှိနှိုင်းခန်းမဆောင်တော် ညှိနှိုင်းသည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူစဉ်။

**သံအမတ်ခန့်အပ်လွှာပေးအပ်**

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba က ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။

**❖ နည်းပညာမှ**

စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ စွမ်းအင်၊ သတင်းအချက်အလက် နည်းပညာနှင့် လူမှုဘဝအတွက် အကျိုးရှိမည့် ဖြေရှင်းချက်များ ဖန်တီးပေးနိုင်မည်ဖြစ်ရာ ယနေ့တွင် အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ) တွင် Project Show နှင့် Talk Show များ ကျင်းပဆောင်ရွက်ခဲ့သည်။

ပြပွဲတွင် ဘာသာရပ်နယ်ပယ်အလိုက် Project စုစုပေါင်း ၁၉ ခု ခင်းကျင်းပြသထားပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လွဲ့လွဲ့သိန်း၊ ပညာရှင်များ၊ အလုပ်အကိုင်အခွင့်အလမ်းများအတွက် ကုမ္ပဏီများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးက နည်းပညာ၊ ဆန်းသစ်တီထွင်မှု (Innovation) နှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး (Digital Transformation) တို့သည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် Artificial Intelligence (AI)၊ Digital Technology၊ Automation၊ Smart Systems နှင့် Green Technology စသည့် နည်းပညာများသည် လုပ်ငန်းခွင်နှင့် လူမှုဘဝတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာသည့်အတွက် ကျောင်းသားကျောင်းသူများအနေဖြင့် သင်ယူထားသောပညာရပ်များကို လက်တွေ့အသုံးချနိုင်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များကလည်း အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ခေတ်သစ်လုပ်ငန်းခွင်အတွက် အင်ဂျင်နီယာနည်းပညာရှင်တစ်ဦး၏ မကုန်ဆုံးနိုင်သော လေ့လာမှုခေါင်းစဉ်ဖြင့်Panel Discussion ဆွေးနွေးခြင်း၊ China Harbour Engineering Company Limited (CHEC) ကုမ္ပဏီအကြောင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများ မိတ်ဆက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ အင်ဂျင်နီယာ ဘာသာရပ်အလိုက် လက်တွေ့ခန်းများနှင့် အလုပ်ရုံများတွင် လက်တွေ့ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လေးမျက်နှာမြို့နယ်၌ ရေဘေးသင့်ပြည်သူများအတွက် လူမှုကရုဏာအကူအညီများပေးရာတွင် အသုံးပြုရန် PTTEP International Limited က ငွေကျပ် ၉၀၂၇၅၀၀၀ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်နေသော လူမှုကရုဏာအကူအညီများပေးရာတွင် အသုံးပြုနိုင်ရန် PTTEP International Limited က ငွေကျပ် ၉၀၂၇၅၀၀၀ ကို ယနေ့နံနက်ပိုင်းက အသင်း၏ ရန်ကုန်ရုံးခွဲတွင် လာရောက်လှူဒါန်းရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က လက်ခံခဲ့ပြီး ကျေးဇူးတင်စကားပြောကြားသည်။




လှူဒါန်းပွဲသို့ အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာဒေါ်မြသူ၊ ပါမောက္ခ ဒေါက်တာ ဒေါ်မာလာဝင်း၊ အရင်းအမြစ်စုစည်းအသုံးချရေးဌာန ညွှန်ကြားရေးမှူး ဒေါ်မေစန္ဒာမျိုးနှင့် တာဝန်ရှိသူများ၊ PTTEP International Limited မှ General Manager Mr.Suppakarn Thanatit နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းဆင်းပွဲကျင်းပ

**ကျောက်ဆည် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရရှိခဲ့သည့် မြစ်သားမြို့နယ်မှ ကြက်ခြေနီအသင်းခွဲတပ်စုမှူး ဘိုဘိုဟန်အား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမြင့်နိုင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးအောင်သူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးမောင်မောင်ချိုနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးသက်နိုင်တို့က ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

**★ တပ်ကုန်းမြို့နယ်မှ**

အသိပညာပေးလျက်ရှိပြီး ဖူးစားပြောင်းသီးနှံကို တောင်သူများ သီးသန့်စိုက်ပျိုးကြသည့်အပြင် သီးညှပ်လည်းစိုက်ပျိုးကြကြောင်း၊ ဖူးစားပြောင်းသီးနှံသည် ကုန်ကျစရိတ်သက်သာကြောင်းနှင့် ပြောင်းရိုးများကို ကျွဲ၊ နွားစာအဖြစ် အသုံးပြုရသည့်အတွက် စိုက်ပျိုးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၉)နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၉)တို့မှ ဗိုလ်လောင်းများ၏ စစ်လက်ရုံးရွေးချယ်ပွဲများသို့ တက်ရောက်စိစစ်ရွေးချယ်

**နေပြည်တော် ဩဂုတ် ၂၈**

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး သည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲ ပိုင်းတို့တွင် ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ်နှင့် တပ်မတော် နည်းပညာတက္ကသိုလ်တို့၌ ပြုလုပ် သည့် စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၆၉)နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၉)တို့၏ စစ်လက်ရုံးရွေးချယ်ပွဲ သို့ တက်ရောက်စိစစ်ရွေးချယ် သည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲ သို့ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်နှင့်အတူ ကာကွယ်ရေးဦးစီး ချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ သက်ဆိုင်ရာ ကျောင်းအုပ် ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်း များအား တစ်ဦးချင်းစီ တွေ့ဆုံ မေးမြန်း၍ စာပေပညာ၊ စစ်ပညာ ဘာသာရပ်အလိုက် ထူးချွန် ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစား အားထုတ်မှုများ၊ နည်းပညာ ဘာသာရပ်ပိုင်း ဆိုင်ရာများနှင့် လေ့ကျင့်ရေးပိုင်း ဆိုင်ရာတို့တွင် နှစ်အလိုက် ထူးချွန်ထက်မြက်မှု၊ စည်းကမ်းလိုက်နာမှုနှင့် ၎င်းတို့ စိတ်ပါဝင်စားမှုများအပေါ် မူတည် ၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံး အသီးသီးအတွက် စိစစ်ရွေးချယ် ပေးခဲ့ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၉)နှင့် တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၉)တို့မှ ဗိုလ်လောင်းများ၏ စစ်လက်ရုံးရွေးချယ်ပွဲများသို့ တက်ရောက်စိစစ်ရွေးချယ်စဉ်။

ထို့အပြင် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် တပ်မတော် အရာရှိကြီးများသည်စစ်တက္ကသိုလ် အနော်ရထာတပ်ရင်းရှိဗိုလ်လောင်း စားရိပ်သာ၌ သင်တန်းသား ဗိုလ်လောင်းများနှင့် အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြပြီး ဗိုလ်လောင်း များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး၊ စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်နေမှုများ သွားရောက်ကြည့်ရှုစစ်ဆေး


**နေပြည်တော် ဩဂုတ် ၂၈**

တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ကာကွယ်ရေး ဦးစီးချုပ်ရုံး မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ လိုက်ပါ၍ ယနေ့ညနေ ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ သွားရောက် ၍ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ် ရေးတာဝန် ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ တက်ရောက်ကုသမှု ခံယူလျက် ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များအား လိုက်လံ ကြည့်ရှုအားပေးစကား ပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံ တပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ပေးအပ်**

ထို့နောက် ဆေးရုံတက်ရောက် ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များအား လိုက်လံ ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါ ဖြစ်ပွားမှု၊ ဆေးကုသနေမှုအခြေ အနေများ၊ ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြား ကာ စားသောက်ဖွယ်ရာ များနှင့် ချီးမြှင့်ငွေများ ပေးအပ် သည်။



**စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ ဆေးရုံ တက်ရောက်ဆေးကုသ မှုခံယူနေသူတစ်ဦးအား မေးမြန်း အားပေး စကားပြောကြား ကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

အလားတူ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာနှင့် အဖွဲ့ဝင်များသည် သားဖွားမီးယပ် နှင့် မွေးကင်းစကုသဆောင်သို့ သွားရောက်၍ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် မွေးလူနာ များကို တွေ့ဆုံအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာ များ ပေးအပ်ခဲ့ကြသည်။

ထို့အပြင် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်း အိမ်ရာ တည်ဆောက်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စစ်မှုထမ်းဟောင်းအိမ်ရာရှိ စစ်မှုထမ်း ဟောင်းများနှင့် မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ဦးစွာ ရှင်းလင်းဆောင်ခန်းမ၌ စစ်ထောက်ချုပ်နှင့် စစ်ရေးချုပ် တို့က ဘဏ္ဍာရေးနှစ်အလိုက် စစ်မှုထမ်းဟောင်း အိမ်ရာ အဆောက်အအုံများ တိုးချဲ့တည် ဆောက်လျက်ရှိမှု၊ စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များနှင့် မိသားစု ဝင်များအား နေရာချထားပေး လျက်ရှိမှုနှင့် လုပ်ငန်းဆောင်ရွက် လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်က အဆောက်အအုံများ တည်ဆောက် ရာတွင်လည်း သတ်မှတ်ကာလအတွင်း ပြီးစီးမှု ရှိစေရေး၊ စံချိန်စံညွှန်းပြည့်မီမှု ရှိစေရေး စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရန်၊ အထပ်မြင့် အဆောက်အအုံများကို သဘာဝ ဘေးအန္တရာယ် ကာကွယ်နိုင် အောင် စနစ်တကျတွက်ချက် ဆောက်လုပ်သွားရန်၊ တည်ဆောက် ပြီးစီးသည့် အိမ်ရာများ၌ စစ်မှု ထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ စနစ်တကျနေရာ ချထားပေးသွားရန်၊ ပြောင်းရွှေ့ ရောက်ရှိလာမည့် စစ်မှုထမ်း ဟောင်းများနှင့် မိသားစုများ အဆင်ပြေစွာဖြင့် အဆင်သင့် နေထိုင် စားသောက်နိုင်ရေး အတွက် အခြေခံစားကုန်ပစ္စည်း များ၊ အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများကို ကြိုတင် ဖြည့်ဆည်း စီမံဆောင်ရွက် ပေးထားရန်နှင့် အခြားလိုအပ် သည်များ လမ်းညွှန်မှာကြား သည်။


ထို့နောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ သည် စစ်မှုထမ်းဟောင်းအိမ်ရာ တိုက်ခန်းများအတွင်း လက်ရှိ နေထိုင်လျက်ရှိသူများနှင့် ထပ်မံ ရောက်ရှိလာမည့် စစ်မှုထမ်း ဟောင်းများနှင့် မိသားစုများ အတွက် အဆင်ပြေစွာ အဆင်သင့် နေထိုင်စားသောက်နိုင်ရေးအခြေခံ စားသောက်ကုန် ပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများ နှင့် အိမ်သုံးပရိဘောဂပစ္စည်းများ ကြိုတင်ဖြည့်ဆည်းဆောင်ရွက် ပေးထားမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အိမ်ရာ တွင် နေထိုင်နေကြသည့် စစ်မှု ထမ်းဟောင်းများ၊ မိသားစုဝင်များ အား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လိုအပ်ချက်များကို မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက် ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင် ဘန်ချွတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၈**

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ထိုင်းနိုင်ငံ အမျိုးသား လုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင် ဘန်ချွတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ယနေ့ မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။ (ယာပုံ)



တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်လုံခြုံရေး အခြေအနေနှင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှု တားဆီးနှိမ်နင်းရေး၊ အွန်လိုင်းလိမ်လည်မှုတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် သတင်းအချက်အလက် လုံခြုံရေး နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နယ်စပ်ဂိတ်များနှင့် နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ အာဆီယံဒေသတွင်းထိတွေ့ဆက်ဆံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင် ဘန်ချွတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ (ဝဲပုံ)

ဂုဏ်ပြု ညစာစားပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် မစ္စတာ ချတ်ချိုင် ဘန်ချွတ်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားပြီး ညစာ သုံးဆောင်စဉ် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာ စားပွဲအပြီးတွင် ပြည်ထောင်စု ဝန်ကြီးနှင့် ဧည့်သည်တော်တို့က အပြန်အလှန် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ဩဂုတ် ၂၆ ရက်တွင် ရောက်ရှိကာ ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၊ နေပြည်တော်ရှိ အမျိုးသားပြတိုက်နှင့် ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များအား သွားရောက်လေ့လာကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအားလည်းကောင်း၊ နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အားလည်းကောင်း သွားရောက် ဖူးမြော်ကြကာ ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# မကွေးမြို့၌ Warehouse Financing Product Loan မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ

**မကွေး ဩဂုတ် ၂၈**

GOOD Brothers’ Finance Co.,Ltd မှ စိုက်ပျိုးရေးထွက်ကုန်သီးနှံများကို GBS သိုလှောင်ရုံများတွင် အာမခံသဖွယ်ထားရှိပြီး တောင်သူလယ်သမားများ လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များ၏ လုပ်ငန်းလည်ပတ်မှုအတွက် လိုအပ်သော ကာလတိုချေးငွေများကို အဆင်ပြေချောမွေ့စွာ ထုတ်ပေးနိုင်ရန်ရည်ရွယ်၍ Warehouse Financing Product Loan မိတ်ဆက်ခြင်း အခမ်းအနားကို မကွေးမြို့ ကုန်သည်ကြီးများအသင်း အစည်းအဝေးခန်းမ၌ ယမန်နေ့မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် GBS Company မှ တာဝန်ရှိသူတစ်ဦးက Warehouse Financing Loan လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ လယ်ယာထုတ်ကုန် ရောင်းချသူများက သတ်မှတ်ကုန်ပစ္စည်း၊ ချေးယူနိုင်သည့်ပမာဏ၊ ချေးငွေပမာဏသတ်မှတ်ချက်၊ ပေးဆပ်ရမည့်ကာလနှင့် အခြားသိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



---

# ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားခရီးစဉ်များပြေးဆွဲပေးမည်

**နေပြည်တော် ဩဂုတ် ၂၈**

ပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီး ခရီးသွား ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ သွားလာနိုင်ရေး အတွက် ရထားအမှတ် ည-၁၊ ည-၃၊ ည-၅၊ ည-၇၊ ည-၉၊ ည-၁၁ ရန်ကုန် - တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ်နှင့် ည-၂၊ ည-၄၊ ည-၆၊ ည-၈၊ ည-၁၀၊ ည-၁၂ ဒဂုံတက္ကသိုလ် - တိုးကြောင်ကလေး-ရန်ကုန် ရထားခရီးစဉ်များကို ဘက်ထရီ ရထားစက်ခေါင်းဖြင့် တစ်တွဲလျှင် ခရီးသည် ၆၂ ဦး လိုက်ပါနိုင်သည့် ရိုးရိုးတန်း ခြောက်တွဲပါဝင်သော တွဲဆိုင်းအား အသုံးပြု၍ တစ်ရက်လျှင် အစုန်/အဆန် လူစီးရထား ၁၂ ခေါက်ကို စက်တင်ဘာ ၁ ရက်မှ စတင်၍ နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်သည်။



ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားခရီးစဉ်တွင်ပြေးဆွဲပေးမည့် ဘက်ထရီလျှပ်စစ်ရထားအား တွေ့ရစဉ်။

ရထားပြေးဆွဲမှုအနေဖြင့် ဒဂုံတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ကျောင်းတက်၊ ကျောင်းဆင်းချိန် အဆင်ပြေစေရန် ကျောင်းတက်ချိန် နံနက် ၈ နာရီဖြစ်၍ ည-၁ အဆန်ရထားသည် ရန်ကုန်ဘူတာမှ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး ဒဂုံတက္ကသိုလ်ဘူတာသို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ ထို့အတူ ကျောင်းဆင်းချိန် မွန်းလွဲ ၃ နာရီဖြစ်၍ ည-၁၀ အစုန်ရထားသည် ဒဂုံတက္ကသိုလ်ဘူတာမှ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး ရန်ကုန်ဘူတာသို့ ညနေ ၄ နာရီ ၃၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ ကျန်ရထားများမှာလည်း သတ်မှတ်အချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လမ်းခရီးတွင် ပုဇွန်တောင်၊ မလွှကုန်း၊ နှင်းဆီကုန်း၊ သဃ်္ဃန်းကျွန်း၊ ငမိုးရိပ်၊ တိုးကြောင်ကလေး ဘူတာများ၌ ဘူတာစဉ် ရပ်တန့်ပေးမည်ဖြစ်သည်။ ရထားလက်မှတ်ခအနေဖြင့် မည်သည့် ဘူတာအတွက်မဆို တစ်ဦးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူ ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိက ရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည် လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင် လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံး လမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟသ်ာတ - ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား - တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန် - ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား - မိုးညှင်းလမ်းပိုင်း၊ သာစည်-ရွှေညောင်လမ်းပိုင်းနှင့် လက်ပံတန်း-သာရဝေါလမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်းနှင့် ရန်ကုန် - ဒဂုံတက္ကသိုလ် ရထားခရီးစဉ်တွင် ခရီးသည်၊ ကျောင်းသား ကျောင်းသူများ စီးနင်းမှုများပြားလာပါက ရထား ထပ်တိုးပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်တွေ အားကစားမှာ ပျော်မွေ့ပါမှ လူ့ဘောင်ငြိမ်းချမ်းမှာ

**ဒေါက်တာမောင်သင်း**

**ငြိမ်းချမ်းရေးစိတ်ဓာတ်အစ အားကစားက**

အားကစားသမားဟူသည်

- ဥပဒေစည်းကမ်းကို လေးစားလိုက်နာ၍ တရားသဖြင့် ယှဉ်ပြိုင်ခြင်း၊
- စည်းလုံးညီညွတ်မှုရှိသော အသင်းအဖွဲ့ဖြင့် ရည်မှန်းချက်ကို ဖော်ဆောင်နိုင်ခြင်း၊
- မိမိ၏ပြိုင်ဘက်ကို လေးစားတန်ဖိုးထားခြင်းတို့ကို ဆောင်ရွက်နိုင်ရမည်။

ဤကဲ့သို့ အားကစားသမားများ၏ စိတ်ဓာတ်မျိုးကို ကမ္ဘာသူကမ္ဘာသားများ လိုက်နာကျင့်သုံးပါက ကမ္ဘာကြီးသည် စစ်ပွဲများကင်းစင်၍ ငြိမ်းချမ်းသာယာဝပြောပါလိမ့်မည်။

အဲဒီစာသားဟာ ညနေတိုင်းဖတ်နေကျ၊ မြင်နေကျစာသားပါ။ ဘောလုံးကန်ဖို့ သွားတိုင်း ကျွန်တော်တို့မြို့ရဲ့ ဘောလုံးကွင်းမှာ တင်ထားတဲ့ ဆောင်ပုဒ်ပါ။ ကြာခဲ့ပါပြီ။ အထက်တန်းကျောင်းသားဘဝ ၁၉၇၀ ပြည့်နှစ်များဆီကပါ။ ငယ်ရွယ်သူမို့ အားကစားနှင့်ငြိမ်းချမ်းရေး ဆက်စပ်နေမှုကို ထိုအချိန်က နားမလည်ခဲ့ပါ။

သိပ္ပံနည်းအရ အားကစားလှုပ်ရှားမှုကြောင့် အင်ဒိုဖင်း (Endorphins) ဟော်မုန်းထွက်လာပြီး အကောင်းမြင်မှု၊ ကြည်နူးပျော်ရွှင်မှု၊ ချစ်ကြည်မှုကို ပေးစွမ်းနိုင်သဖြင့် ရန်လိုမှုကင်းကာ ငြိမ်းချမ်းရေး ဖော်ဆောင်မှုရဲ့ အရင်းခံဆိုတာကို ကြိုမြင်ခဲ့ပါသောကြောင့် ပန်းတနော်မြို့ အမျိုးသားကျောင်းအုပ်ဆရာကြီးဘဝကနေ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ကမ္ဘာ့ငြိမ်းချမ်းရေးတာဝန်ထမ်းဆောင်သွားတဲ့ ဗမာ့သားကောင်း ဦးသန့်က ပြောကြားခဲ့ခြင်းပါ။

**ဘာကြောင့် ကျောင်းတွေမှာ အားကစားအချိန် ထည့်သွင်းခဲ့ရတာလဲ**

အားကစားဆိုတာ တကယ်တော့ "အားလပ်ချိန်"မှာ ကစားသည့် လှုပ်ရှားမှုမျိုးမဟုတ်ပါ။ လူရဲ့ ကာယခွန်အားနဲ့ စိတ်ခွန်အား(ဉာဏစွမ်းအား) နှစ်ခုလုံးကို တိုးတက်စေဖို့ ကစားစေတာပါ။ ကိုယ်ခန္ဓာကျန်းမာစေကာ ဦးနှောက်ဉာဏ်ကို ရွှင်လန်းစေပြီး စူးစမ်းနိုင်စွမ်းအားကို ထက်မြက်စေပါတယ်။ လျှပ်တစ်ပြက်အတွင်း မှန်ကန်တဲ့ဆုံးဖြတ်ချက်ကိုချနိုင်တဲ့ အရည်အသွေးကိုလည်း တိုးတက်စေပါတယ်။ ဒါကြောင့်မို့ ဉာဏ်အမြော်အမြင်ကြီးမားကြတဲ့ "ပညာရေးပညာရှင်ကြီး"တွေက အခြေခံကျောင်းတွေမှာ "အားကစားချိန်" ဆိုတာ ထည့်ထားခဲ့ပါတယ်။ ပညာရေးကောလိပ်တွေမှာ ကာယပညာဌာနနဲ့ တက္ကသိုလ်တွေမှာ အားကစားဌာနဆိုပြီး ထည့်သွင်းဖွဲ့စည်းခဲ့တာပါ။

ပညာရေးကသတ်သတ်၊ အားကစားက သတ်သတ်မဟုတ်ပါ။ လူငယ်တိုင်းကို ပညာရေးရဲ့ မြင့်မားတဲ့ရည်မှန်းချက်ဖြစ်တဲ့ ကာယဗလ၊ ဉာဏဗလပြည့်စုံသူဖြစ်ထွန်းလာစေဖို့ စာလက်တွေ့ အကောင်အထည်ဖော်ပေးနိုင်တဲ့ လုပ်ငန်းဟာ အားကစားပါပဲ။

တစ်နေ့က မိတ်ဆွေတစ်ယောက်ကပေးလို့ "To Sir, with love" ဆိုတဲ့ ဆရာကောင်းတစ်ယောက်ရဲ့ ဇာတ်လမ်းပြန်ကြည့်မိပါတယ်။ (မြန်မာနိုင်ငံမှာ မင်းသားကြီး ဖော်လင်းနဲ့ ပန်းနုရောင်ဆိုပြီး ရိုက်ထားတယ်လို့ ဆိုပါတယ်။) လန်ဒန်မြို့ရဲ့ ပုံကျတွေနေတဲ့ ရပ်ကွက်မှာရှိတဲ့ ကျောင်းတစ်ကျောင်းက ကျောင်းဆရာတစ်ယောက်နဲ့ သူ့ကျောင်းသားတွေအကြောင်းပါ။ ဆရာက ဘဝမှာ အလိုမကျပြီး မယဉ်ကျေးသူလို့ သတ်မှတ်ခံရတဲ့ ကျောင်းသား ကျောင်းသူတွေရဲ့အခန်းကို အတန်းပိုင်ဆရာလုပ်တဲ့ အကြောင်းပါ။

အစမှာ ဆရာကို ကလန်ကဆန်လုပ်တာ၊ ပြဿနာပေါင်းစုံရှာတာကို ဆရာက စိတ်ရှည်သည်းခံပြုပြင်မှုရဲ့အဆုံးမှာ ယဉ်ကျေးသူတွေဖြစ်လာပြီး ဆရာ့ကို ချစ်ခင်သွားတဲ့အကြောင်း ဇာတ်လမ်းပါ။ အားကစားအချိန်မှာ လက်ဝှေ့တို့၊ ဘားတန်းခုန်တာတို့ အားကစားမျိုးစုံလေ့ကျင့်ပေးတာ ပါပါတယ်။ မယဉ်ကျေးတဲ့ကလေးတွေက ဆရာ့ကို လက်ဝှေ့ထိုးဖို့ စိန်ခေါ်တာကို ဆရာက စနစ်တကျထိုးပြတာ၊ တစ်နေ့တော့ ဘားတန်းအခုန်မှာ အကျမတော်လို့ ကျောင်းသားတစ်ယောက် ဒဏ်ရာရပြီး ကာယနည်းပြဆရာကို ရန်လုပ်တာ အတန်းပိုင်ဆရာက ကာယဆရာကို ကာကွယ်ခဲ့တဲ့ ဇာတ်ကွက်လေးလည်း ပါပါတယ်။ ဒုတိယကမ္ဘာစစ် ပြီးကာစပါ။

စည်းကမ်းမဲ့တယ်ဆိုတဲ့ အထက်တန်းကျောင်းမှာတောင် အားကစားချိန်ကို အားကစားနည်းပြနဲ့ အချိန်ပေးပြီး စနစ်တကျ လေ့ကျင့်ခြင်းဖြင့် လူယဉ်ကျေးလေးများ၊ လူကောင်းလူတော်များ ပေါ်ထွန်းလာတာကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားတာပါ။ အားကစားနဲ့ ပညာရေးရဲ့ အနှစ်သာရကို အကောင်အထည်ဖော်နေခြင်းဆိုတဲ့ သင်ခန်းစာကို ထိုဇာတ်ကားကနေ ရရှိလာပါတယ်။

> ❛စာသင်ဖို့ အသက်မွေးဝမ်းကျောင်း သင်ယူတတ်မြောက်ဖို့လောက်တင် အဆုံးမသတ်ပါ။ ပညာရေးဆိုတာ လူ့တန်ဖိုးမြှင့်တင်ပေးတဲ့ လုပ်ငန်းပါ။ စာသင်ကြားမှုသက်သက်နဲ့ စာတွေတတ်ရုံ၊ သင်ပေးရုံတော့ တန်ဖိုးမြင့် လူသား မမွေးထုတ်နိုင်ပါ။ ကျန်းမာကြံ့ခိုင်မှုရှိရပါမယ်။ ကိုယ်ခန္ဓာရော၊ စိတ်ဓာတ်ရေးရာရောပါ။ လူအချင်းချင်း ပေါင်းသင်းဆက်ဆံတတ်ရမယ်။ စည်းကမ်းရှိသေတတ်ရပါမယ်။ တရားသဖြင့် ကြိုးစားယှဉ်ပြိုင်မှုတွေ ရှိရမယ်။❜

**အားကစားဟာ ပညာရေးကို ဖော်ဆောင်တာပါ**

ကျွန်တော် မေးခွန်းတစ်ခုမေးခဲ့ပါတယ်။ "ဘာဖြစ်လို့များ ကျောင်းတွေ၊ တက္ကသိုလ်တွေမှာ အားကစားအမျိုးမျိုးကို ပြိုင်ပွဲတွေ ကျင်းပပေးနေရတာလဲ"ဆိုတာပါ။ အဲဒီမေးခွန်းကိုဖြေတော့မယ်ဆိုတော့ ကျောင်း(မူကြိုကျောင်းမှသည် တက္ကသိုလ်အထိ)ဆိုတာက "ပညာရေး"ကို စုစုဝေးဝေး အကောင်အထည်ဖော်တဲ့နေရာပါ။ ပညာရေးရဲ့ ရည်မှန်းချက်က ဘာပါလိမ့်ဆိုတော့ လူသားတိုင်း ကာယ၊ ဉာဏ၊ စာရိတ္တနဲ့ မိတ္တဗလဖွံ့ဖြိုးတဲ့ နိုင်ငံကြီးသားစိတ်ဓာတ်ပြည့်ဝသူများ ဖြစ်လာအောင် လေ့ကျင့်ပေးဖို့ပါ။

စာသင်ဖို့ အသက်မွေးဝမ်းကျောင်း သင်ယူတတ်မြောက်ဖို့လောက်တင် အဆုံးမသတ်ပါ။ ပညာရေးဆိုတာ လူ့တန်ဖိုးမြှင့်တင်ပေးတဲ့လုပ်ငန်းပါ။ စာသင်ကြားမှုသက်သက်နဲ့ စာတွေတတ်ရုံ၊ သင်ပေးရုံတော့ တန်ဖိုးမြင့်လူသား မမွေးထုတ်နိုင်ပါ။ ကျန်းမာကြံ့ခိုင်မှု ရှိရပါမယ်။ ကိုယ်ခန္ဓာရော၊ စိတ်ဓာတ်ရေးရာရောပါ။ လူအချင်းချင်း ပေါင်းသင်းဆက်ဆံတတ်ရမယ်။ စည်းကမ်းရှိသေတတ်ရပါမယ်။ တရားသဖြင့် ကြိုးစားယှဉ်ပြိုင်မှုတွေ ရှိရမယ်။

ပညာရေးပညာရှင်ကြီးတွေ အခြေခံပညာ အထက်တန်းကျောင်းတွေမှာ အားကစားမျိုးစုံ သင်ကြားပေးခြင်းရဲ့ ရည်ရွယ်ချက်ကို လေ့လာတဲ့အခါမှာ–

(က) ကိုယ်ကာယ ကြံ့ခိုင်စေရန်၊

(ခ) ကျန်းမာမှုကို သိရှိ၍ မိမိကျန်းမာရေးနှင့် အများစုကျန်းမာရေးကို လိုက်နာဆောင်ရွက်တတ်စေရန်၊

(ဂ) လူမှုရေးနှင့် ပေါင်းသင်းဆက်ဆံရေးတို့တွင် ဝင်ဆံ့စေရန်နှင့် မြင့်မားသည့် လူမှုဆက်ဆံရေး တတ်ကျွမ်းလာစေရန်၊

(ဃ) စည်းကမ်းသေဝပ်၍ ဥပဒေကို လေးစားတန်ဖိုးထား လိုက်နာထိန်းသိမ်းနိုင်သည့် အလေ့အကျင့်ကောင်းရရန်၊

(င) ဖွဲ့ရှိခြင်း၊ သည်းခံခြင်း၊ ဖြူစင်ဖြောင့်မတ်ခြင်းဟူသော မြင့်မြတ်စိတ်ထား ကြွယ်ဝလာစေရန်၊

(စ) အားလပ်ချိန်ကို အကျိုးရှိသည့်နည်းဖြင့် အသုံးပြုတတ်သော စိတ်ဓာတ်နှင့် အသုံးပြုတတ်သော အကျင့်များ ပေါ်လာရန်၊

(ဆ) ကာယပညာနှင့် အားကစားမှတစ်ဆင့် အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံ အားကစားဂုဏ်ရောင် မြှင့်တင်မည့် လူငယ်သစ်များ ထွန်းကားစေရန်တို့ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

စိတ်ရောကိုယ်ပါကျန်းမာပြီး စည်းမျဉ်း၊ စည်းကမ်းကို လေးစားလိုက်နာရာမှာ စံပြဖြစ်စေဖို့၊ ပြိုင်ဘက်ကို လေးစားတန်ဖိုးထားတတ်မှု၊ မောမောပန်းပန်းအချိန်မှာ စိတ်ရှည်သည်းခံနိုင်စွမ်း မြင့်မားခြင်း၊ အသင်းအဖွဲ့အတွက် တစ်ကိုယ်ကောင်း ဝါဒကင်းစင်ပြီး ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် နားလည်မှုနှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်သည့် လူ့အရည်အသွေးမြင့်မားစေမှုတို့ကို ရစေပါတယ်။ ဒါတွေဟာ လူချွန်လူကောင်း၊ စိတ်ထားမြင့်မြတ်သူတွေနဲ့ ခေါင်းဆောင်ကောင်းတွေဖြစ်အောင် လေ့ကျင့်စေတယ်ဆိုတာကို နားလည်မိပါတယ်။

**အားကစားကရတဲ့ စာမေးပွဲရမှတ်လွန် လူ့တန်ဖိုး**

ကျောင်းသား ကျောင်းသူတွေ ကျောင်းကို ရောက်လာတာဟာ ပညာဆည်းပူးဖို့၊ ပြီးတော့ စာသင်ဖို့၊ အတန်းတွေအောင် ဘွဲ့တွေရဖို့ဆိုပြီး ရည်မှန်းချက်သေးသေးနဲ့ ရောက်လာကြတာ မဟုတ်ပါဘူး။ ကျောင်းတွေနဲ့ တက္ကသိုလ်ကလည်း သူတို့ကို ထူးချွန်ထက်မြက်တဲ့ ပညာတတ်တွေ၊ ပညာရှင်တွေဖြစ်အောင် ကျွမ်းကျင်တဲ့ ပါမောက္ခတွေ၊ ဆရာ ဆရာမတွေနဲ့ သင်ကြားလေ့ကျင့်ပေးနေပါတယ်။ ဒါတွေက ပညာရှင်၊ ပညာတတ်သက်သက် ဖြစ်အောင် လေ့ကျင့်ပေးတဲ့ အစီအစဉ်တွေပါ။ ပညာတတ်၊ ပညာရှင်ဖြစ်အောင် ကျောင်းအသီးသီးက လေ့ကျင့်ပေးလိုက်တာနဲ့အတူ လူ့ဘောင် လူ့လောကအလယ်မှာ နေမှု၊ ထိုင်မှု၊ လူမှုဆက်ဆံမှု၊ ခေါင်းဆောင်မှု၊ သည်းခံမှု၊ မိမိပတ်ဝန်းကျင်ရဲ့ ကောင်းကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးတတ်မှု၊ လူသားအချင်းချင်းစာနာတတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ သဘောထားပြည့်ဝမှုတွေကိုပါ ထပ်ဆောင်းပေးပြီး တန်ဖိုးကို မြှင့်တင်လိုက်ပါတယ်။

တစ်နည်းအားဖြင့် လူငယ်တွေကို **"ပညာပြည့်ဝနှလုံးလှတဲ့"** လူသားတွေဖြစ်အောင် ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ လေ့ကျင့်ပေးလိုက်တာပါ။ သူတို့ကို အားကစားပြိုင်ပွဲတွေလိုပဲ အခြားလှုပ်ရှားမှုတွေဖြစ်တဲ့ ဖိုရမ်တွေ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားဝိုင်းတွေ၊ ဘာသာရပ်အသင်းတွေ၊ ကြက်ခြေနီနှင့် လူမှုရေးပရဟိတအသင်းတွေမှာ ပါဝင်လှုပ်ရှားရင်း ကျောင်းသား ကျောင်းသူတွေကို ကာယ၊ ဉာဏ၊ မိတ္တနဲ့ စာရိတ္တစွမ်းရည်တွေ တိုးတက်သည်ထက် တိုးတက်အောင် လေ့ကျင့်ပေးနေပါတယ်။

ဒါကို ကျောင်းတွေမှာ သင်ရိုးပြင်ပလေ့ကျင့်မှု (Extracurriculum Programme) လို့ ခေါ်ပါတယ်။ သင်ရိုးပြင်ပဆိုပေမယ့် စာတတ်တာ၊ စာတော်တာထက်သာတဲ့ ပိုမြင့်တဲ့ လူ့တန်ဖိုးအစစ်တွေပါ။ ကျောင်းသား ကျောင်းသူတွေနဲ့အတူ လေ့ကျင့်ခံယူနေသူတွေကတော့ လက်ရည်တူသူတွေပါပဲ။ အရည်အချင်းတူသူအချင်းချင်းပြိုင်ပွဲဖြင့် လေ့ကျင့်ခံကြရာမှာ ကိုယ်က နှာတစ်ဖျားသာအောင် ကြိုးပမ်းရတာမို့ ခွဲ၊ လုံ့လ၊ လက်ရုံးရည်၊ နှလုံးရည်အစွမ်းကုန် ထုတ်သုံးရပါတယ်။

ပညာမြင့်တဲ့ လက်ရည်တူသူတွေရဲ့ အားကစားပြိုင်ပွဲတွေက ကျောင်းသား ကျောင်းသူတွေ ရလိုက်တာက "အားကစားသမားတွေရဲ့ အရေးကြီးဆုံး စိတ်ထားက မိမိပြိုင်နေတဲ့သူတွေဟာ ငါ့ရဲ့ပြိုင်ဘက် ငါ့ရဲ့ရန်သူမဟုတ်ဘဲ ငါ့ရဲ့ လေ့ကျင့်ဖော်၊ လေ့ကျင့်ဘက် မိတ်ဆွေကောင်းတွေ ဆိုတာပါပဲ။ အလုပ်တစ်ခုကို အောင်မြင်အောင်လုပ်တဲ့နေရာမှာ ငါ့ရဲ့ ကာယအား၊ ဉာဏအားတွေကို အစွမ်းကုန် အသုံးချနိုင်စွမ်းရှိအောင် အတူလေ့ကျင့်ပေးတဲ့ လေ့ကျင့်ဖော်တွေ တစ်နည်းအားဖြင့် ပါရမီဖြည့်ဘက်တွေ"ဆိုတဲ့ မြင့်မြတ်တဲ့ စိတ်ထားပါ။

ကျွန်တော်တို့ လွယ်လွယ်ကူကူပြောနေတဲ့ အနိုင်မခံ၊ အရှုံးမပေးရလဒ်တစ်ခုတည်းအတွက် မဟုတ်ပါဘူးဆိုတာ သတိချပ်စေချင်ပါတယ်။ ဒါကြောင့် ဦးသန့်က "အားကစားသမားစိတ်ဓာတ်ဟာ လူသားတိုင်းမှာရှိမယ်ဆိုရင် ပြိုင်ဘက်မရှိ၊ ရန်သူမရှိ၊ လေ့ကျင့်ဘက်မိတ်ဆွေသာရှိဆိုတဲ့ အမြင်ပိုင်ဆိုင်ကြမှာမို့ ငြိမ်းချမ်းတဲ့ကမ္ဘာကြီး ဖြစ်လာမယ်" လို့ ဆောင်းပါးအစမှာ ညွှန်းဆိုခဲ့တာပါ။

**သူလည်းနိုင် ငါလည်းသာတဲ့ အားကစားပြိုင်ပွဲ**

လူငယ်တွေကို အနိုင်ရရုံသက်သက်ဆိုသည့် အင်မတန်နိမ့်ကျတဲ့ စိတ်ထားပိုင်ဆိုင်လာစေရန် ပညာရေးက မလေ့ကျင့်ပေးပါ။ အားကစားနဲ့ လူသားရဲ့ မြင့်မြတ်စိတ်ထားတွေ ပိုင်ဆိုင်နေအောင် ပညာရေးက လူငယ်တွေကို လေ့ကျင့်ပေးနေတာပါ။ ပြိုင်ပွဲလို့ဆိုကတည်းက ပြိုင်ပွဲသတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းအရ နိုင်သူ၊ ရှုံးသူ (Win-Lost) ဆိုတာရှိစမြဲပါ။ ကျောင်းတွေမှာ ကျင်းပတဲ့ပြိုင်ပွဲတွေဟာ အနိုင်/အရှုံးမှာ ရပ်မနေပါဘူး။ ဒီပြိုင်ပွဲမှာ နိုင်တဲ့သူအနေနဲ့ ထားရမယ့်မြင့်မြတ်တဲ့စိတ်ထားနဲ့ ဆက်လက်ဖြည့်ဆည်းရမယ့် ခံယူချက်တွေကို ပြိုင်ပွဲက ဖြည့်ပေးလိုက်ပါတယ်။

**နိုင်သူတွေကတော့**

- ငါနဲ့ပြိုင်သူတွေကို အခုတော့နိုင်ပေမယ့် ငါဆက်မကြိုးစားရင် ရှုံးမှာပဲ။ ဘဝဆိုတာလည်း တစ်ခါအောင်မြင်ရုံနဲ့ အဆုံးသတ်တာမဟုတ်ပါ။ ဘဝအောင်မြင်မှုဆိုတာ တစ်သျှောက်လုံး ဆက်ကြိုးစားနေမှ အောင်မြင်မှာဆိုတဲ့ ခံယူချက်တွေ ပေါ်ထွန်းလာရေးပါ။
- အသင်းအဖွဲ့နဲ့ ပြိုင်ပွဲဆိုရင် စည်းလုံးညီညွတ်မှုအားကောင်းခဲ့လို့ အောင်မြင်တာမို့ တစ်ဦးချင်းစီ၏ ဖြာထွက်အားထက် သာလွန်တာက စုစည်းကျစ်လျစ်အားမို့ စည်းလုံးညီညွတ်မှုကို အမြဲထိန်းရမယ်၊

**စာမျက်နှာ ၇ သို့** ☆

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အနောက်တိုင်းလှေလှော်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၈

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်၊ဒီဂရီကောလိပ်ပေါင်းစုံ အနောက်တိုင်း လှေလှော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း၌ ကျင်းပသည်။



**ပေးအပ်ချီးမြှင့်**

ဆုချီးမြှင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်က အမျိုးသား ရှစ်တက်လှော် တက္ကသိုလ် ပေါင်းစုံလှေလှော်ပြိုင်ပွဲတွင် ပထမရရှိသည့် ရန်ကုန်ပညာရေး တက္ကသိုလ်အသင်းအား ဆုဖလား ပေးအပ်ချီးမြှင့်ပြီး ဒုတိယရရှိသည့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် အသင်းနှင့် တတိယရရှိသည့် ရန်ကုန်တက္ကသိုလ်အသင်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်၊ဒီဂရီကောလိပ်ပေါင်းစုံ အနောက်တိုင်း လှေလှော်ပြိုင်ပွဲတွင် လှေလှော်နည်းအမျိုးအစားအလိုက် ဆုရရှိခဲ့ကြသည့် အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့သို့ ရောက်ရှိရာ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေး တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၏ အချက်အလက်များ၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ ရေကူးကန်၊ အားကစားကွင်း၊ အားကစားရုံ ပြုပြင်ထိန်းသိမ်းရေးနှင့် တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းလှမြို့နယ်၌ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

မင်းလှ ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မြို့နယ်အောင်တံခွန် အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် ထန်းပင်ကုန်းကျေးရွာအုပ်စုအသင်းနှင့် အလယ်ကုန်းကျေးရွာအုပ်စုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထန်းပင်ကုန်းကျေးရွာအုပ်စုအသင်းက အနိုင်ရရှိသည်။

ထို့နောက် တာဝန်ရှိသူများက ပထမဆုရရှိသည့် ထန်းပင်ကုန်းကျေးရွာအုပ်စုအသင်းအား ဆုဖလားနှင့် ချီးမြှင့်ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆုရရှိသည့် အလယ်ကုန်းကျေးရွာအုပ်စုအသင်းအား ကျပ်ငါးသိန်း၊ တတိယဆုရရှိသည့် တူးမြောင်းကျေးရွာအုပ်စုအသင်းအား ကျပ်သုံးသိန်း၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆု၊ ဂိုးသမားဆု၊ရှေ့တန်းဆု၊ အလယ်တန်းဆု၊နောက်တန်းဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**



☆ စာမျက်နှာ ၆ မှ

- ငါ့ပြိုင်ဘက်တွေရဲ့ အားနည်းချက်ကြောင့် ငါနိုင်တာ၊ ငါ့မှာလည်း အားနည်းချက်ဆိုတာ ရှိနေမှာ၊အဲဒီအားနည်းချက်မျိုးတွေ ငါ့မှာပပျောက်သွားအောင် ဆက်လက်လေ့ကျင့်ရဦးမယ်ဆိုတဲ့ မိမိကိုယ်ကို ဝေဖန်တတ်မှု အရည်အသွေးတွေလည်း တက်လာပါတယ်။
- ပြိုင်ဘက်ဆိုတာ ရန်သူမဟုတ်၊ အတူလေ့ကျင့်ဖော် (သို့) ပါရမီဖြည့်ဖက်ပါ။ ကိုယ့်ရဲ့ပါရမီဖြည့်ဖက်ဖြစ်တဲ့ ရှုံးသူတွေကို အထင်သေးမှုမရှိရပါဘူး။ နိမ့်သူကို တွဲခေါ်တတ်မှု၊ အားပေးမှုတွေရှိရပါမယ်ဆိုတဲ့ လူကြီးလူကောင်းစိတ်ထားတွေလည်း ဖြစ်ထွန်းလာပါတယ်။

**ပြိုင်ပွဲမှာ ရှုံးတဲ့သူအနေနဲ့လည်း**

- ငါ့ထက် သူဟာ ဒီပွဲမှာသာတယ်၊ ဒါကြောင့် ငါသူ့ကိုဂုဏ်ပြုရမယ် (Congratulation) ဆိုတဲ့ လူကြီးလူကောင်းတွေရဲ့ မြင့်မြတ်စိတ်ထား(Gentleman Habit) ရရှိစေပါတယ်။
- ဒီလူက ဘယ်အချက်တွေမှာ ငါ့ထက်သာတယ်ဆိုတာ သူနဲ့သာ ကစားခွင့်၊ ပြိုင်ခွင့်၊ လေ့ကျင့်ခွင့်မရခဲ့ရင် သိမှာမဟုတ်ဘူး။ ဒါကြောင့် သူ့ကို ကျေးဇူးတင်ရမယ်ဆိုတဲ့ (Acknowledge) စိတ်ထားပိုင်ဆိုင်လာပါတယ်။
- ငါတို့အသင်း တစ်ဦးချင်းကောင်းကြ၊ တော်ကြသော်လည်း ညီညွတ်တဲ့စိတ်ထား အားနည်းခဲ့လို့လားဆိုတဲ့ သုံးသပ်နိုင်စွမ်းအားတွေလည်း ရှိလာပါတယ်။
- အကယ်၍ ကိုယ့်ရဲ့လေ့ကျင့်မှုဟာ ဒီတစ်ပွဲအတွက်လောက်သာ ပြင်ဆင်ခဲ့တယ်ဆိုရင် တစ်ပွဲထိုးစိတ်ဓာတ်နဲ့တော့ ဒီပွဲလိုပဲ ဘဝမှာ အမြဲရှုံးနိမ့်နေဦးမှာပဲ။ နောက်ပွဲတွေမှာ အဲဒီကတစ်ဆင့် ဘဝတစ်လျှောက်လုံး အောင်ပွဲဆင်နိုင်ဖို့ဆိုရင် ငါဟာ ခွဲ၊ လုံ့လ အရင်းတည်ပြီး အမြဲလေ့ကျင့်ရဦးမယ်၊ ဖြည့်ဆည်းရဦးမယ်ဆိုတဲ့ (Self Criticism) ကိုယ့်ကိုယ်ကိုယ် ဝေဖန်နိုင်မှုစွမ်းရည်နဲ့ ကိုယ့်ကိုယ်ကိုယ်သုံးသပ်နိုင်မှုတွေကို တိုးတက်စေပါတယ်။

ပြိုင်ပွဲဆိုတာ ယှဉ်ပြိုင်ပွဲတစ်ခုအတွက် နိုင်သူ၊ ရှုံးသူ(Win-Lost) ရှိပေမယ့် အထက်ပါ မြင့်မြတ်စိတ်ဓာတ်စွမ်းရည်တိုးတက်မှုကို နှစ်ဦးနှစ်ဖက်ပိုင်ဆိုင်ရတာမို့ ကျောင်းအားကစားပြိုင်ပွဲကနေ ဘဝတစ်လျှောက်လုံးအတွက် သူလည်းနိုင်၊ ကိုယ်လည်းသာတဲ့ဘဝ (Win-Win)တွေချည်းပါ။ အဲဒီလို အားကစားပြိုင်ပွဲတွေနဲ့အတူ လူ့တန်ဖိုးကို မြင့်အောင် လေ့ကျင့်ပေးနိုင်စွမ်းရှိတဲ့ ပညာရေးဖြစ်ရပါမယ်။

တကယ်တော့ အားကစားဆိုတာ လူ့တန်ဖိုးအစစ်တွေ ပေါ်လွင်အောင်၊ ကောင်းမြတ်တဲ့စိတ်ထားနဲ့ အလေ့အကျင့်တွေ အထုံပါသွားအောင် လေ့ကျင့်ပေးတဲ့ ပညာရေးရဲ့ အစိတ်အပိုင်းလေ့ကျင့်အားတစ်ခုပါ။ ထူးချွန်ထက်မြက်ပြီး မိမိအသိုင်းအဝိုင်းမှာ ဦးဆောင်နိုင်သူတွေဟာ အားကစားမှာလည်း ထူးချွန်ခဲ့ကြကြောင်း ပညာရေးပညာရှင်တွေက လေ့လာတွေ့ရှိခဲ့ပါတယ်။

**ဉာဏ်ထက်မြက်စေပြီး ကိုယ်ခန္ဓာသွက်လက်ဖို့ ကစားပါ**

ပညာရေးစိတ်ပညာရှင်တွေရဲ့ လေ့လာချက်အရ အတန်းထဲမှာ တုံ့ပြန်မှုနှေးကွေးပြီး ကပေါက်တိကပေါက်ချာဖြေတတ်တဲ့၊ ပြီးတော့ မကြာခဏနာစေး၊ ခေါင်းကိုက်၊ ပန်းနာနဲ့ အိပ်မပျော်တဲ့ကလေးတွေကို ကစားချိန်ပိုပေးပြီး ကစားခိုင်းတဲ့အခါမှာ အဲဒီရောဂါတွေ ပျောက်သွားတာ တွေ့ရပါတယ်။ ဒ့ါအပြင် တုံ့ပြန်မှုလည်း မနှေးကွေးတော့ပါ။ ကပေါက်တိ ကပေါက်ချာ ဖြေတတ်တာတွေ မရှိတော့ဘဲ ကျောင်းစာမှာ ပိုမိုမှတ်သားလာနိုင်ပြီး အတန်းထဲမှာ၊ ကျောင်းမှာ ထူးချွန်လာတာ တွေ့ရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ပြေးလွှားဆော့ကစားနေတဲ့ ကလေးတွေရဲ့ ဦးနှောက်ဉာဏ်ထဲကို အောက်ဆီဂျင်ပိုမိုရတာကြောင့် ဦးနှောက်ဟာ ပိုမိုဖွံ့ဖြိုးကာ ကလေးကိုလည်း ရွှင်လန်းစေပြီး စူးစမ်းစိတ်ကို ထက်စေလို့ပါပဲ။ အားကစားပြုလုပ်လျှင် အင်ဒိုဖင်းဟော်မုန်း ပေါ်ထွက်လာတာကြောင့် အကောင်းမြင်စိတ်ထားနှင့် ပျော်ရွှင်မှုအမြင်ဖြင့် လူမှုဆက်ဆံရေးကို ဆောင်ရွက်နိုင်တာကြောင့် အတန်းမှာ၊ ကျောင်းမှာ ဦးဆောင်သူ ဖြစ်လာပါတယ်။ ပြောင်းပြန်က အိမ်မှာချည်း အောင်းနေတဲ့ ကလေးတွေ၊ စာချည်း အတင်းလုပ်ခိုင်းခံရတဲ့ ကလေးတွေမှာတော့ ဦးနှောက်ဒဏ်ပိပြီး ကျောင်းသင်ခန်းစာကို စိတ်ဝင်စားမှုနည်းလာသလို ပေါင်းသင်းဆက်ဆံရေးမှာလည်း ညှိုးဖျင်းလာကာ ခေါင်းဆောင်ဘဝနှင့်ကင်းစေပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့မိဘတွေနဲ့ ဆရာတွေ သတိထားရမယ့်အချက်က လူငယ်တွေကို ကစားချိန်ပေးဖို့၊ ကစားကွင်းဆီကိုပို့ဖို့ မဖြစ်မနေလုပ်ဆောင်ရပါမယ်။ ကစားခြင်းနှင့် လေ့လာသင်ယူမှုကို မျှတအောင်လုပ်ပေးခြင်းသည် ကျွန်တော်တို့ သားသမီးမျိုးဆက်တွေ စိတ်ရောကိုယ်ပါ ကျန်းမာဖို့နဲ့ ဦးနှောက်ဖွံ့ဖြိုးပြီး ဉာဏ်ရည်ပိုထက်စေဖို့ပါ။ ကျွန်တော်တို့လူငယ်တွေ ကစားကွင်းမှာ ပျော်ပျော်ရွှင်ရွှင် ကစားနေပြီဆိုရင် လူငယ်တွေ ထူးချွန်ထက်မြက်သူတွေ၊ ခေါင်းဆောင်ကောင်းတွေဖြစ်လာဖို့ သေချာနေပါပြီ။

**အားကစားဆိုတာ ခေါင်းဆောင်စွမ်းရည်ဖြည့်ဆည်းပေးတဲ့အရာပါ**

ဒ့ါအပြင် အသင်းလိုက်ကစားနည်းတွေဖြစ်တဲ့ ဘောလုံး၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ထုပ်ဆီးတိုး စတာတွေဟာ တစ်ဦးတစ်ယောက်တော်ရုံနဲ့မရပါ။ Team Work ဆိုတဲ့ တစ်သင်းလုံးကောင်းရ၊ တော်ရပါတယ်။ လူတော်အားကစားသမားတွေ အများကြီးပါဝင်သော်လည်း အသင်းမှာရှိတဲ့ အခြားသူတွေနဲ့ အချိတ်အဆက်မမိတဲ့ နာမည်ကြီးဘောလုံးအသင်းတွေ ကမ္ဘာ့ဖလားအပါအဝင် ဆုဖလားအသီးသီးနဲ့လွဲခဲ့ရတာ သမိုင်းသက်သေပါ။ အများနဲ့ စည်းလုံးညီညွတ်စွာ ကစားနိုင်ပါမှ၊ ပြီးတော့ သတ်မှတ်ထားတဲ့ အားကစားနဲ့ ပြိုင်ပွဲရဲ့စည်းမျဉ်း၊ စည်းကမ်းကို ပွဲစဉ်တစ်လျှောက်လုံး လေးစားလိုက်နာတတ်တဲ့ အကျင့်ကောင်း အားကစားသမားတိုင်းရှိပါမှ မိမိအသင်းရဲ့ ရည်မှန်းချက်ကိုရောက်ပါတယ်။

အဆိုပါစိတ်ဓာတ်ဟာ လုပ်ငန်းခွင်၊ မိမိရဲ့ ရပ်ကွက်/အဖွဲ့အစည်းတွေထဲ ရောက်တဲ့အခါမှာလည်း တစ်ကိုယ်ကောင်းဆန်မှု ကင်းစင်ပြီး ပူးပေါင်းဆောင်ရွက်မှုနဲ့ အပြန်အလှန် လေးစားမှု၊ အပေးအယူမျှတတဲ့ စည်းလုံးညီညွတ်မှု၊ စိတ်ဓာတ်မြင့်မားမှုကို ရခဲ့တာကြောင့် စရိုက်မတူသူတွေနဲ့ စည်းလုံးညီညွတ်စွာ ဘုံရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်စွမ်းရှိလာပါတယ်။ အားကစားကြောင့် အတ္တ၊ မာနတွေ လျော့ဆင်းလာပြီး စိတ်ရှည်၊ သည်းခံ၊ တစ်ဖက်သားကို စာနာတတ်မှုတွေ ပိုများလာပါတယ်။

အားကစားပြိုင်ပွဲတွေမှာ သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းကို လေးစားလိုက်နာပြီး ယှဉ်ပြိုင်လာတဲ့ အကျင့်ကောင်းက မိမိပတ်ဝန်းကျင်မှာ စည်းကမ်းဥပဒေကို လေးစားလိုက်နာ တန်ဖိုးထားရာမှာ စံပြအဖြစ် အများက လေးစားသူဘဝရောက်လာပါတယ်။ အဆိုပါ လူ့အရည်အသွေးများဟာ တန်ဖိုးမြင့်လူသားနဲ့ ခေါင်းဆောင်ကောင်းတွေမှာရှိတဲ့ အရည်အသွေးမို့ ပညာရေးကို စုစုဝေးဝေး အကောင်အထည်ဖော်တဲ့ ကျောင်းတွေမှာ အားကစားအမျိုးမျိုးကို ထည့်သွင်းလေ့ကျင့်စေတာပါ။ စာမေးပွဲရမှတ်လိုက်မမီတဲ့ လူ့တန်ဖိုးအစစ်အမှန်တွေပါ။ အချိန်ကုန်တယ်၊ အချိန်ဖြုန်းတယ်လို့ မြင်သူတွေမှာ ပညာမျက်စိအားနည်းနေကြလို့ ကလေးတွေရဲ့ ကိုယ်ကျန်းမာ၊ ဉာဏ်ရည်ထက်သည့် ဘဝတစ်လျှောက်လုံးကို ကြိုမြင်နိုင်စွမ်းမရှိတာပါ။ ပညာရေးပညာရှင်ကြီးတွေက အရှည်မြင်ဉာဏ်မျက်စိနဲ့ မျိုးဆက်သစ်တွေရဲ့ အနာဂတ်ကောင်းကျိုးအတွက် လူငယ်တိုင်း အားကစားမှာပါဝင်နိုင်ဖို့ အလေးထားစီမံခဲ့ကြတာပါ။

အချုပ်အားဖြင့် လူငယ်ဆိုတာ မိသားစု၊ လူ့အဖွဲ့အစည်းရဲ့ မျှော်လင့်ချက်အားထားရာပါ။ အားထားရာ၊ အားကိုးထိုက်သူ၊ အနာဂတ်ဖန်တီးသူ၊ လူ့အဖွဲ့အစည်းကို သာယာငြိမ်းချမ်းအောင် ခေါင်းဆောင်နိုင်သူဟာ ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်နေရန်လိုပါတယ်။ စိတ်ဓာတ်ရေးရာ မခိုင်မာသူ၊ ကိုယ်ခန္ဓာမကျန်းမာသူဟာ အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်းကို ခေါင်းဆောင်နိုင်သူ ဖြစ်မလာနိုင်ပါ။

ကိုယ်ကာယလည်း သွက်လက်ခိုင်မာ၊ ဉာဏ်ပညာလည်း ထက်မြက်စေရန် “အားကစား” ကို လူငယ်တိုင်း မဖြစ်မနေလုပ်ရန် လိုအပ်ပေသည်။ လိုအပ်တာမှ ဘဝတစ်လျှောက်လုံးပါ။ သို့ပါ၍ မြန်မာ့ပညာရေးကို ရှေ့တန်းက အကောင်အထည်ဖော်နေကြသည့် ကျောင်းများက **“ကျောင်းသားလူငယ်ဖွံ့ဖြိုးရေး အားကစားကို လူငယ်တိုင်း ပါဝင်ပေး”** ဆောင်ပုဒ်ဖြင့် အကောင်အထည်ဖော်သင့်ပါကြောင်း အကြံပြုရင်း အားကစားသည် လူငယ်စွမ်းရည်မြှင့်တင်ပေးနိုင်ခြင်း၏ အဓိက အချက်ဖြစ်ကြောင်း မိမိ၏အမြင်ကို ရေးသားလိုက်ရပါသည်။

# စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၆) အစည်းအဝေး ကျင်းပ



နေပြည်တော် ဩဂုတ် ၂၈

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၂၆) အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပပြီး ဒေသဆိုင်ရာကော်မတီများက တင်ပြသည့် အမှာစာများ၊ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရာတွင် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံအင်အားတစ်ရပ်အဖြစ် လိုအပ်လျက်ရှိသည့်အတွက် ပြည်တွင်း၌ တည်ထောင်ပြီး စက်မှုဇုန်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာရေးနှင့် နောင်တွင် ပေါ်ပေါက်လာမည့် စက်မှုဇုန်အသစ်များကိုလည်း စက်မှုဇုန်ဥပဒေနှင့်အညီ စနစ်တကျတည်ထောင်နိုင်ရေး ဆွေးနွေးရန်နှင့် ဗဟိုကော်မတီအနေဖြင့် ပြည်တွင်း၌ တည်ထောင်ပြီးဖြစ်သည့် စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး လက်တွေ့ကျကျ အကောင်အထည်ဖော်ကြရမည်ဖြစ်ပြီး အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်း၊ လျှပ်စစ်နှင့် စွမ်းအင်တည်ငြိမ်စေရေးဆောင်ရွက်ခြင်း၊ စက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေး ဖန်တီးပေးခြင်းတို့ကို အဖွဲ့ဝင်ဌာနများ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်တွင်းစက်မှုဇုန်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက(၁/၂၀၂၅) ဗဟိုကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဒေသဆိုင်ရာကော်မတီများက တင်ပြသည့် အမှာစာများကို ရှင်းလင်းတင်ပြသည်။

ထို့ပြင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ လိုက်ပါဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားကာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု၊ ပြည်တွင်းစက်မှုလုပ်ငန်းများမှ ပြည်ပသို့ ပို့ကုန်တင်ပို့နိုင်မှု အခြေအနေနှင့် သွင်းကုန်အစားထိုးဆောင်ရွက်နိုင်ခဲ့မှု၊ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ တည်ထောင်ရာတွင် လိုအပ်သည့် စက်ယန္တရားများ၊ စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများရရှိရေး ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့မှု၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)ရှိ စက်မှုဇုန်များကို လစဉ်စစ်ဆေးလျက်ရှိမှုနှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့မှုတို့ကို ဆွေးနွေးပြောကြားသည်။

အလားတူ ဒုတိယဝန်ကြီးများက စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဇီးကုန်းမြို့နယ်၌ မိုးစပါးများ စတင်ရိတ်သိမ်း

ဇီးကုန်း ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီက ၂၀၂၆ ခုနှစ် မိုးစပါးစိုက်ကေများကို ကွင်းဆင်းကြီးကြပ်၍ ရိတ်သိမ်းလျက်ရှိရာ ယမန်နေ့တွင် ကဇင်းကြီးကျေးရွာ တောင်သူဦးမြင့်ဌေး၏ လယ်၌ ရိတ်သိမ်းခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမိုး၊ မြို့နယ်မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ဗီယက်နမ်စပါးအမျိုးအစား ၁၀ ဧကကို စပါးရိတ်ခြွေစက်ဖြင့် ရိတ်သိမ်းခဲ့သည်။ ထိုသို့ရိတ်သိမ်းရာတွင် ကောင်း၊ သင့်၊ ညံ့ သတ်မှတ်၍ တစ်ဧကအစို ၁၂၂ တင်း၊ အခြောက် တင်း ၁၀၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ်၌ မိုးစပါးစိုက်ဧက ၄၈၀၇၇ ဧကတွင် ဆင်းသုခ၊ ဗီယက်နမ်၊ မော်ဘီ-၃၊ YSR စသည့်ထွက်နှုန်းကောင်းသော စပါးမျိုးများကို စိုက်ပျိုးထားရှိပြီး အထွက်နှုန်းကောင်းစေရန် စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးကူညီလျက်ရှိကြောင်း၊ သဘာဝမြေဩဇာနှင့် ပုလဲခါတ်မြေဩဇာများကို အချိုးကျသုံးစွဲခြင်းကြောင့် စပါးထွက်နှုန်း တိုးတက်ကောင်းမွန်လာကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကယားပြည်နယ်၌ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်




လွိုင်ကော် ဩဂုတ် ၂၈

ကယားပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်မှုရှိစေရေး အားပေးကူညီဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်းခွဲ(နမ့်ကွတ်)ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်သည် လွိုင်ကော်မြို့ နမ့်ကွတ်ရပ်ကွက်အတွင်း နေထိုင်ကြသော ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အဘက်ဘက်မှ ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးကဏ္ဍ နိမ့်ကျမှုမရှိစေရေး၊ လူငယ်ထုအကြား အွန်လိုင်းလောင်းကစားနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး တာဝန်သိသိ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း အမှာစကားပြောကြားပြီး ရေဝင်ရောက်နေသည့် အိမ်ထောင်စု ၂၉ စုအတွက် ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ်၌ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု သင်တန်းဖွင့်ပွဲကျင်းပ



ရမည်းသင်း ဩဂုတ် ၂၈

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆီး၊ မန်းကျည်းနှင့် ငရုတ် အခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက သက်ငယ်ခြံကျေးရွာ(မွေ့ရုံ)၌ ကျင်းပသည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြတ်သိန်းက အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထိုက်တန်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၂၇ ရက်မှ ၃၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## သာစည်မြို့နယ်၌ အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းအကျိုးခံစားခွင့် ထုတ်ပေး

သာစည် ဩဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော တပ်မတော်မိုးရေကာဖျင်စက်ရုံမှ အာမခံအလုပ်သမား ဦးယဉ်ဌေး၏ အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့်ထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါရုံးတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံး ဦးစီးအရာရှိ ဦးထက်လွင်က အာမခံအလုပ်သမားများခံစားရမည့် အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သာစည်မြို့နယ် တပ်မတော်မိုးရေကာဖျင်စက်ရုံမှ အာမခံအလုပ်သမား ဦးယဉ်ဌေး၏ အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၄၈၆၄၈၆၀ ကို ပေးအပ်ရာ ဦးယဉ်ဌေးနှင့် စက်ရုံတာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသည့် (၂၉)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်

**နေပြည်တော် သြဂုတ် ၂၈**

(၂၉)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် (၁၄)ကြိမ်မြောက် အာဆီယံအပေါင်းသုံး အလုပ်သမားဝန်ကြီးများ အစည်းအဝေးကို သြဂုတ် ၂၆ ရက်မှ ၂၇ ရက်အထိ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ အိမ်ရှင်အဖြစ် ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




အစည်းအဝေးများကို "Advancing ASEAN Human Capital: Skills Certification towards Global Recognition" ခေါင်းစဉ်ဖြင့် အာဆီယံနိုင်ငံများမှ အလုပ်သမားရေးရာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများက ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက အာဆီယံ၏ ၃၅၇ သန်းရှိသော လုပ်သားအင်အားသည် "သုံးထပ်ကွေ့ အပြောင်းအလဲ" (Triple Transition) ဖြစ်သည့် - လျင်မြန်သော ဒီဂျစ်တယ်စနစ်ကူးပြောင်းမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစိမ်းရောင်စီးပွားရေးသို့ ကူးပြောင်းမှုနှင့် လူဦးရေဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲများကို ရင်ဆိုင်ဖြတ်သန်းနေကြောင်း။

ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ အသိအမှတ်ပြုခြင်းနှင့်ပတ်သက်၍ ဒီဂျစ်တယ်နည်းပညာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစိမ်းရောင်စွမ်းအင်နှင့် ဆောက်လုပ်ရေးစသည့် ဦးစားပေးကဏ္ဍများ၌ အာဆီယံ ကိုးကားမှုဆိုင်ရာ သင်ရိုးညွှန်းတမ်းမူဘောင်(ARCF) ဖော်ဆောင်ရေးသည် လုပ်သားများ၏ သင်ယူမှုရလဒ်များကို နေရာမရွေးသယ်ဆောင်အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်မှုစံသတ်မှတ်ချက် အသိအမှတ်ပြုခြင်းနှင့်ပတ်သက်၍ အာဆီယံကျွမ်းကျင်မှု အရည်အသွေးမူဘောင် (ASCF) နှင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲများပေါ်တွင် အခြေခံသည့် အာဆီယံ အလုပ်အကိုင်ဆိုင်ရာ စံသတ်မှတ်ချက်များကို ထောက်ခံကြောင်း၊ ကွန်ပျူတာအခြေပြုစာမေးပွဲများနှင့် ယခင်သင်ယူခဲ့သည့်အတွေ့အကြုံများကို အသိအမှတ်ပြုခြင်း (RPL) စနစ်များကို အသုံးပြုခြင်းဖြင့် တရားဝင်မဟုတ်သော (Non-formal) ကဏ္ဍမှ လုပ်သားများအား အမျိုးသားအဆင့် မူဘောင်များကို လေးစားလိုက်နာလျက် အသိအမှတ်ပြု အာဆီယံကျွမ်းကျင်မှု လက်မှတ်များရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

စံပြဗဟိုဌာန(CoE) အသိအမှတ်ပြုခြင်းနှင့်ပတ်သက်၍ နည်းပညာလွှဲပြောင်းပေးမှု၊ တစ်သက်တာသင်ယူမှုနှင့် နည်းပြသင်တန်းများ (Train-the-Trainer) ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO)၊ World Skills ကဲ့သို့ မိတ်ဖက်အဖွဲ့အစည်းများနှင့် ကွန်ရက်တစ်ခု ထူထောင်ရေးအတွက် မြန်မာနိုင်ငံတွင် အမျိုးသားကျွမ်းကျင်မှု စံသတ်မှတ်ရေးအဖွဲ့ (NSSA)သည် အမျိုးသားကျွမ်းကျင်မှု အရည်အသွေးမူဘောင် (NSQF) ကို တိုးမြှင့်ဖော်ဆောင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဖြင့် ရွေးကောက်တင်မြှောက်ခံအစိုးရသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂတွင် မြန်မာနိုင်ငံရဲ့ ကိုယ်စားပြုမှုကို ပြန်လည်ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးတွင် အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများအကြား အလုပ်သမားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရေး ဆွေးနွေးမှုများ၊ အခြားအာဆီယံထိပ်သီးအစည်းအဝေးများ၏ ဆုံးဖြတ်ချက်များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ရှင်းလင်းဆွေးနွေးမှုများ၊ အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက် (Joint Statement) အတည်ပြုထုတ်ပြန်နိုင်ရေး ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပခုက္ကူတက္ကသိုလ်၌ ပရိုဂျက်အခြေပြုသင်ယူလေ့လာမှုမှ အရည်အသွေးရှိပညာရေးသို့ခေါင်းစဉ်ဖြင့် (ဒုတိယအကြိမ်) ပြပွဲ၊ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ပခုက္ကူ သြဂုတ် ၂၈**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူ တက္ကသိုလ်၌ ပရိုဂျက်အခြေပြုသင်ယူလေ့လာမှုမှ အရည်အသွေးရှိ ပညာရေးသို့ခေါင်းစဉ်ဖြင့် (ဒုတိယအကြိမ်)ပြပွဲ၊ ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကို သြဂုတ် ၂၅ ရက်ကကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာကိုတင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ပရိုဂျက်ပြပွဲ၊ ပြိုင်ပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားကာ ပရိုဂျက်ပြပွဲ၊ ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုရရှိသည့် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်ဌာနများ၊ အကောင်းဆုံးသုတေသနစာတမ်းရှင်ဆုများ၊ လူရည်ချွန်ဆုများ၊ Essay ၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲဆုများ၊ အားကစားထူးချွန်ဆုများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပခုက္ကူတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်သုတေသနပြုလုပ်ထားသော လက်မှုပညာများ၊ အသုံးအဆောင်များ၊ စားသောက်ကုန်များ၊ ခေတ်ခွဲစမ်းသပ်မှုများ၊ ရှေးဟောင်းပစ္စည်းများ၊ စာတမ်းများပါဝင်သော ဘာသာရပ်ဌာနများ၏ ပရိုဂျက်ပြပွဲ၊ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**




## ဖလမ်းမြို့နယ်အတွင်း ဒေသခံပြည်သူ ၄၁၅၉၀ နေရပ်ပြန်လည်နေထိုင်

**နေပြည်တော် သြဂုတ် ၂၈**

ဖလမ်းမြို့ကို တပ်မတော်က အလုံးစုံ ထိန်းချုပ်ပြီးနောက် တိုက်ပွဲရှောင် ပြည်သူများသည် နေရပ်သို့ ပြန်လာကြရာ မေ ၆ ရက်မှ သြဂုတ် ၂၇ ရက်အထိ ဖလမ်းမြို့ရှိ မြို့ပေါ်ရပ်ကွက်ရှစ်ခုသို့ ပြန်လည်ဝင်ရောက်လာသူ စုစုပေါင်း ၃၆၅၉ ဦးရှိပြီဖြစ်ကာ ဖလမ်းမြို့နယ်အတွင်း ပြန်လည်ဝင်ရောက်နေထိုင်သူ စုစုပေါင်း ၄၁၅၉၀ ရှိပြီဖြစ်ကြောင်းသိရသည်။



ယမန်နေ့ ညနေပိုင်းက ကလေး-ဖလမ်း လမ်းပိုင်း ဖလမ်းမြို့အဝင်တွင် ကလေးမြို့မှ ဖလမ်းမြို့သို့ နေရပ်ပြန်လာသည့် ဒေသခံပြည်သူ ၉၆ ဦးကို ကြိုဆိုနှုတ်ဆက်ခဲ့ပြီး နေရပ်ပြန်ဒေသခံပြည်သူများကို စာရင်းကောက်ယူနေမှု၊ ကော်ဖီနှင့်မုန့်တိုက်ကျွေးနေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်များနှင့်အတူ ကြည့်ရှုအားပေးကာ ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဖလမ်းမြို့တွင် တစ်စိတ်တစ်ပိုင်း ပျက်စီးသည့် ဌာနဆိုင်ရာ အဆောက်အအုံများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပြုပြင်တည်ဆောက်လျက်ရှိရာ ဖလမ်းမြို့ ဖါရ်ထောက်ရပ်ကွက်ရှိ ပညာရေးဌာနဝန်ထမ်းအိမ်ရာပြုပြင်နေမှုနှင့် မူလတန်းလွန်ကျောင်း ကျောင်းဆောင်ပြုပြင်နေမှု၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နှစ်ခန်းတွဲ နှစ်ထပ်နှင့် လေးခန်းတွဲ နှစ်ထပ်အိမ်ရာများ ပြုပြင်နေမှု၊ ကျင်မွာလ်ရပ်ကွက်ရှိ ခရိုင်ရဲတပ်ဖွဲ့ ခြောက်ခန်းတွဲ နှစ်ထပ်အိမ်ရာပြုပြင်နေမှု၊ ကျန်းမာရေးဌာန ဝန်ထမ်းအိမ်ရာ ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် ဌာနဆိုင်ရာ အဆောက်အအုံများအနက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိနေအိမ်၊ ဦးစီးအရာရှိ(မြို့ပြ)ရုံးနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှု၊ မြန်မာ့စီးပွားရေးဘဏ်ရုံး အဆောက်အအုံ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံးနှင့် မြို့နယ် မြေစာရင်းဦးစီးဌာနရုံး ပြုပြင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း စတိုဆောင်ပြုပြင်ခြင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းအုပ်ချုပ်မှုရုံး၊ နှစ်ထပ်သင်တန်းခန်းမဆောင်၊ စားရိပ်သာ၊ မီးဖိုဆောင်၊ သင်တန်းခန်းမနှင့် သင်တန်းသူ နှစ်ထပ်အိပ်ဆောင် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှု၊ မြို့နယ်သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ နှစ်ထပ်အဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တွန်းဇံမြို့ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးသည် ကော်မတီ အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာ RC နှစ်ထပ်ပြုပြင်ခြင်း၊ မီးသတ်ရေကန်ပြုပြင်ခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူးနေအိမ် နံကပ်တစ်ထပ်ပြုပြင်ခြင်း၊ လမ်းဦးစီးဌာန ဧည့်ရိပ်သာ ပြုပြင်ခြင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

(ယမန်နေ့မှအဆက်)

၅၁။ MMS ISO 7588-3:1998 လမ်းအသုံးပြုယာဉ်များ — လျှပ်စစ်/ အီလက်ထရောနစ် ခလုတ်ထိန်းကိရိယာများ- အပိုင်း (၃) - မိုက်ခရိုရီလေးများ

၅၂။ MMS ISO/TR 8713:2019 လျှပ်စစ်သုံးယာဉ်များ – ဝေါဟာရများ

၅၃။ MMS ISO 8714:2023 လျှပ်စစ်သုံးယာဉ်များ – ရည်ညွှန်းစွမ်းအင်သုံးစွဲမှုနှင့် မောင်းနှင်နိုင်သော အကွာအဝေး – ခရီးသည်တင်ယာဉ်များနှင့် ပေါ့ပါးသည့်လုပ်ငန်းသုံးယာဉ်များအတွက် စမ်းသပ်မှုဆိုင်ရာနည်းစဉ်များ

၅၄။ MMS ISO 8715:2001 လျှပ်စစ်သုံးယာဉ်များ – လမ်းပေါ်တွင် အသုံးပြုမောင်းနှင်သည့် သွင်ပြင်လက္ခဏာများ

၅၅။ MMS ISO/TR 11954:2024 လောင်စာဆဲလ် အသုံးပြုယာဉ်များ – စွမ်းဆောင်ရည် တိုင်းတာခြင်း – ဖိသိပ်ထားသော ဟိုက်ဒရိုဂျင် (compressed hydrogen) ဖြင့် စွမ်းအင်ဖြည့်သွင်းသောယာဉ်များ

၅၆။ MMS ISO 12405-4:2018 လျှပ်စစ်သုံးယာဉ်များ – လီသီယမ်-အိုင်းယွန်းဆွဲငင်အားသုံး ဘက်ထရီအိတ်များနှင့် စနစ်များအတွက် စမ်းသပ်မှုသတ်မှတ်ချက် – အပိုင်း (၄) – စွမ်းဆောင်ရည်စမ်းသပ်ခြင်း

၅၇။ MMS ISO/TR 13062:2015 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ – ဝေါဟာရများနှင့် အမျိုးအစားခွဲခြားခြင်း

၅၈။ MMS ISO 13063-1:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ – အပိုင်း (၁) – On-board အားပြန်ဖြည့်နိုင်သော စွမ်းအင်သိုလှောင်မှုစနစ် (RESS)

၅၉။ MMS ISO 13063-2:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ – အပိုင်း (၂) – ယာဉ်အသုံးပြုစဉ် ဘေးအန္တရာယ်ကင်းရှင်းရေး

၆၀။ MMS ISO 13063-3:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ – အပိုင်း (၃) – လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး

၆၁။ MMS ISO 13064-1:2012 ဘက်ထရီ-လျှပ်စစ် mopeds များနှင့် မော်တော်ဆိုင်ကယ်များ – စွမ်းဆောင်ရည် – အပိုင်း (၁) – ရည်ညွှန်းစွမ်းအင်သုံးစွဲမှုနှင့် မောင်းနှင်နိုင်သော အကွာအဝေး

၆၂။ MMS ISO 13064-2:2012 ဘက်ထရီ-လျှပ်စစ် mopeds များနှင့် မော်တော်ဆိုင်ကယ်များ – စွမ်းဆောင်ရည် – အပိုင်း (၂) – လမ်းအသုံးပြုမှုဆိုင်ရာ အသုံးပြုမောင်းနှင်သည့် သွင်ပြင်လက္ခဏာများ

၆၃။ MMS ISO 15118-1:2019 လမ်းသုံးယာဉ်များ – ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း – အပိုင်း (၁) – အထွေထွေအချက်အလက်နှင့် အသုံးပြုမှုဆိုင်ရာ အခြေအနေသတ်မှတ်ချက်

၆၄။ MMS ISO 15118-2:2014 လမ်းသုံးယာဉ်များ – ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း – အပိုင်း (၂) – ကွန်ရက်နှင့် ချိတ်ဆက်အသုံးပြုပုံအဆင့်ဆင့် လိုအပ်ချက်များ

၆၅။ MMS ISO 15118-3:2015 လမ်းသုံးယာဉ်များ – ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း – အပိုင်း (၃) – ရုပ်ပိုင်းဆိုင်ရာနှင့် Data link layer ဆိုင်ရာ လိုအပ်ချက်များ

၆၆။ MMS ISO 15118-4:2018 လမ်းသုံးယာဉ်များ – ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း – အပိုင်း (၄) – ကွန်ရက်နှင့် ချိတ်ဆက်အသုံးပြုပုံအဆင့်ဆင့် ကိုက်ညီမှုစစ်ဆေးခြင်း (conformance test)

၆၇။ MMS ISO 15118-5:2018 လမ်းသုံးယာဉ်များ – ယာဉ်မှ လျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း – အပိုင်း (၅) – ရုပ်ပိုင်းဆိုင်ရာအလွှာနှင့် data link layer ကိုက်ညီမှုစစ်ဆေးခြင်း

၆၈။ MMS ISO 15118-20:2022 လမ်းသုံးယာဉ်များ – ယာဉ်မှ လျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း – အပိုင်း (၂၀)– ဒုတိယမျိုးဆက် ကွန်ရက်အလွှာနှင့် ချိတ်ဆက်အသုံးပြုခြင်းအလွှာလိုအပ်ချက်များ

၆၉။ MMS ISO 17840-1:2022 လမ်းအသုံးပြုယာဉ်များ – ပထမနှင့် ဒုတိယတုံ့ပြန်ကယ်ဆယ်ရေးအဖွဲ့များအတွက် အချက်အလက်များ – အပိုင်း (၁) – လူစီးကားများနှင့် ကုန်သန်ရောင်းဝယ်ရေးသုံး ယာဉ်ငယ်များအတွက် ယာဉ်ကယ်ဆယ်ရေးစာရွက်

၇၀။ MMS ISO 18300:2016 လျှပ်စစ်သုံးယာဉ်များ – လီသီယမ် – အိုင်းယွန်း ဘက်ထရီစနစ်များကို ခဲ-အက်စစ်ဘက်ထရီ (သို့မဟုတ်) capacitor တို့နှင့် ပေါင်းစပ်အသုံးပြုခြင်းအတွက် စမ်းသပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ

၇၁။ MMS ISO 20762:2018 လျှပ်စစ်သုံးယာဉ်များ – ပေါင်းစပ် လျှပ်စစ်သုံးယာဉ်မောင်းနှင်မှုအတွက် စွမ်းအားသတ်မှတ်ခြင်း

၇၂။ MMS ISO 21782-1:2023 လျှပ်စစ်သုံးယာဉ်များ – လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာ သတ်မှတ်ချက် – အပိုင်း (၁) – အထွေထွေ စမ်းသပ်မှုအခြေအနေများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၇၃။ MMS ISO 21782-2:2019 လျှပ်စစ်သုံးယာဉ်များ – လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာသတ်မှတ်ချက် – အပိုင်း (၂) – မော်တာစနစ် စွမ်းဆောင်ရည်စမ်းသပ်ခြင်း

၇၄။ MMS ISO 21782-3:2019 လျှပ်စစ်သုံးယာဉ်များ – လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာ သတ်မှတ်ချက် – အပိုင်း (၃) – မော်တာနှင့် inverter စွမ်းဆောင်ရည်စမ်းသပ်ခြင်း

၇၅။ MMS ISO 21782-6:2019 လျှပ်စစ်သုံးယာဉ်များ – လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာသတ်မှတ်ချက် – အပိုင်း (၆) – မော်တာနှင့် inverter တို့၏ လည်ပတ်မှုအား (operating load) စမ်းသပ်ခြင်း

၇၆။ MMS ISO 23273:2013 လောင်စာဆဲလ်အသုံးပြုယာဉ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ – ဖိသိပ်ထားသည့် ဟိုက်ဒရိုဂျင်အားဖြင့် လောင်စာသုံးသောယာဉ်များအတွက် ဟိုက်ဒရိုဂျင်ဆိုင်ရာအန္တရာယ်များမှကာကွယ်ခြင်း

၇၇။ MMS ISO 23274-1:2019 ပေါင်းစပ် – လျှပ်စစ်သုံးယာဉ်များ (Hybrid-electric) – အခိုးအငွေ့ထုတ်လွှတ်မှုများနှင့် လောင်စာဆီသုံးစွဲမှုတိုင်းတာခြင်း – အပိုင်း (၁) – ပြင်ပမှ အားသွင်း၍ မရသောယာဉ်များ

၇၈။ MMS ISO 23274-2:2021 ပေါင်းစပ်-လျှပ်စစ်သုံးယာဉ်များ – အခိုးအငွေ့ထုတ်လွှတ်မှုများနှင့် လောင်စာဆီသုံးစွဲမှု တိုင်းတာခြင်း – အပိုင်း(၂) – ပြင်ပမှ အားသွင်းနိုင်သောယာဉ်များ

၇၉။ MMS ISO 23280:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ – မော်တာဒိုင်နမိုမီတာအသုံးပြု၍ စွမ်းအင်ဆိုင်ရာ စွမ်းဆောင်ရည်အကဲဖြတ်ရန် စမ်းသပ်မှုနည်းလမ်း

၈၀။ MMS ISO 23828:2022 လောင်စာဆဲလ်အသုံးပြုယာဉ်များ – စွမ်းအင်သုံးစွဲမှုတိုင်းတာခြင်း – ဖိသိပ်ထားသောဟိုက်ဒရိုဂျင် (compressed hydrogen) လောင်စာသုံးယာဉ်များ

၈၁။ MMS ISO 22002-2:2025 အစားအသောက်ဘေးကင်းရေးဆိုင်ရာ ကြိုတင်လိုအပ်ချက် အစီအစဉ်များ – အပိုင်း(၂) – ပြင်ဆင်တည်ခင်းဧည့်ခံခြင်း

၈၂။ MMS UNECE R 11: 2015 ယာဉ်၏ တံခါးဖွင့်ပိတ်စနစ်၊ တံခါးကို မြဲမြံစွာတပ်ဆင်ရာတွင် အသုံးပြုသည့် ပစ္စည်းအစိတ်အပိုင်းများနှင့်စပ်လျဉ်း၍ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၃။ MMS UNECE R 12: 2024 ယာဉ်ရှေ့မှ တိုက်မိချိန်တွင် ယာဉ်မောင်းသူကို steering mechanism မှ ဖြစ်ပေါ်နိုင်သည့် ထိခိုက်မှုမှ ကာကွယ်ပေးရန်နှင့်စပ်လျဉ်းသည့် ယာဉ်အသိအမှတ်ပြုခြင်းနှင့်သက်ဆိုင်သော တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၄။ MMS UNECE R 23: 2020 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များအတွက် နောက်ဆုတ်မီး (Reversing Lamps) နှင့် မောင်းနှင်စစ်ဆေးရေးမီးများ (Manoeuvring Lamps) နှင့်စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၅။ MMS UNECE R 37: 2015 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များတွင်အသုံးပြုရန် အတည်ပြုထားသော မီးခွက်များ၌ ထည့်သွင်းအသုံးပြုမည့် ဖိုင်လာမင်မီးသီး (Filament Lamps) များနှင့်စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၆။ MMS UNECE R 40:1979 အင်ဂျင်စနစ်အသုံးပြုသော မော်တော်ဆိုင်ကယ်များမှ အိတ်ဇောဓာတ်ငွေ့ထုတ်လွှတ်မှုနှင့်စပ်လျဉ်း၍ အမျိုးအစားခွင့်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၇။ MMS UNECE R 53:2018 Category L3 (မော်တော်ဆိုင်ကယ်) များတွင် မီးအလင်းရောင်ပေးစနစ်နှင့် မီးအချက်ပြစနစ်များ တပ်ဆင်ခြင်းနှင့်စပ်လျဉ်း၍ အမျိုးအစားခွင့်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၈။ MMS UNECE R 55:2025 တွဲဆိုင်းယာဉ်များ၏ ယာဉ်အချင်းချင်း ချိတ်ဆက်ရာတွင် အသုံးပြုသော စက်မှုပိုင်းဆိုင်ရာ ကိရိယာများနှင့်စပ်လျဉ်း၍ အတည်ပြုထောက်ခံချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၉။ MMS UNECE R 58:2017 နောက်ဘက်မှ ဝင်တိုက်မိပါက ယာဉ်အောက်သို့ ရောက်မသွားစေရန် ကာကွယ်ပေးသည့်ပစ္စည်းများ (RUPDs)၊ အတည်ပြုချက်ရရှိထားသည့် RUPDs ကို တပ်ဆင်ထားသည့် မော်တော်ယာဉ်များ၊ နောက်ဘက်မှ ဝင်တိုက်မိပါက ယာဉ်အောက်သို့ ရောက်မသွားစေရန် ကာကွယ်မှုစနစ်ပါရှိသည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ အတည်ပြုထောက်ခံချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၀။ MMS UNECE R 60:2013 ထိန်းချုပ်ခလုတ်များ၊ သတိပေးအချက်ပြမီးများနှင့် ညွှန်ပြကိရိယာများကို ခွဲခြားမှတ်သားခြင်း အပါအဝင် မောင်းနှင်သူကိုယ်တိုင် ထိန်းချုပ်လုပ်ဆောင်ရသော စနစ်များနှင့်စပ်လျဉ်း၍ ဘီးနှစ်ဘီးတပ် မော်တော်ဆိုင်ကယ်များနှင့် မိုပက် (Moped) များအား အမျိုးအစားအတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၁။ MMS UNECE R 66:2009 ခရီးသည်တင်မော်တော်ယာဉ်ကြီးများ၏ အပေါ်ပိုင်း ကိုယ်ထည်တည်ဆောက်ပုံကြံ့ခိုင်မှု (Strength of Superstructure) နှင့်စပ်လျဉ်း၍ ယာဉ်အမျိုးအစား အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၂။ MMS UNECE R 73:2011 ဘေးဘက်အကာအကွယ်ပစ္စည်းများ (LPD) တပ်ဆင်ထားသော မော်တော်ယာဉ်များ၊ ဘေးဘက်အကာအကွယ်ပစ္စည်းများ (LPD)သီးသန့်နှင့် အတည်ပြုချက်ရရှိထားသော ဘေးဘက်အကာအကွယ်ပစ္စည်း (LPD) အမျိုးအစားကို မော်တော်ယာဉ်များတွင် စနစ်တကျတပ်ဆင်ထားမှုနှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၃။ MMS UNECE R 78:2022 ဘရိတ်စနစ်နှင့်စပ်လျဉ်း၍ ယာဉ်အမျိုးအစား Category L1, L2, L3, L4 နှင့် L5 ရှိ မော်တော်ယာဉ်များကို အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၄။ MMS UNECE R80:2012 ခရီးသည်တင်မော်တော်ယာဉ်ကြီးများ၏ ထိုင်ခုံကြံ့ခိုင်မှုခံနိုင်ရည်နှင့် ထိုင်ခုံချိတ်ဆက်ခိုင်မြဲမှုစနစ်တို့နှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၅။ MMS UNECE R 81:1989 နှစ်ဘီးတပ် မော်တော်ဆိုင်ကယ်များ (ဘေးတွဲပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ) တွင် နောက်ကြည့်မှန်များ တပ်ဆင်ခြင်းနှင့်စပ်လျဉ်း၍ နောက်ကြည့်မှန်များနှင့် အဆိုပါမော်တော်ဆိုင်ကယ်များကို အတည်ပြုချက် ထုတ်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၆။ MMS UNECE R 85:2013 မော်တော်ယာဉ်သုံးအင်ဂျင်များနှင့် လျှပ်စစ်မောင်းနှင်မှုစနစ်များ၏ စွမ်းအားတိုင်းတာစစ်ဆေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၇။ MMS UNECE R 101:2005 မော်တော်ယာဉ်များ၏ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု၊ လောင်စာဆီသုံးစွဲမှု၊ လျှပ်စစ်စွမ်းအင်သုံးစွဲမှုနှင့် လျှပ်စစ်ဖြင့်မောင်းနှင်နိုင်သည့် အကွာအဝေး တို့အားတိုင်းတာခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၈။ MMS UNECE R 107:2023 M2 နှင့် M3 မော်တော်ယာဉ်များ၏ အထွေထွေတည်ဆောက်ပုံနှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၉။ MMS UNECE R 118:2023 မော်တော်ယာဉ်များ တည်ဆောက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၏ မီးလောင်လွယ်မှုနှင့် စက်သုံးဆီ (သို့မဟုတ်) ချောဆီများ မစုပ်ယူစေရန် ကာကွယ်နိုင်စွမ်းတို့နှင့်စပ်လျဉ်း၍ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၀။ MMS UNECE R 121:2015 ယာဉ်မောင်းသူ ဘေးကင်းလုံခြုံစိတ်ချစွာ မောင်းနှင်နိုင်ရန်အတွက် ကားအတွင်းပိုင်းကခလုတ်များ၊ အချက်ပြမီးများနှင့် ဒိုင်ခွက်များကို စနစ်တကျနေရာချထားခြင်းနှင့် သင်္ကေတပုံစံများ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၁။ MMS UNECE R 138:2017 အသံကြားရမှုအဆင့် လျော့နည်းခြင်းနှင့်စပ်လျဉ်း၍ အသံတိုးသော မော်တော်ယာဉ်များအား အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၂။ MMS UNECE R 148:2020 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များအတွက် မီးအချက်ပြစနစ်သုံးကိရိယာများ မီးလုံး/ မီးခွက်များနှင့်စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၃။ MMS UNECE R 149:2020 စက်တပ်ယာဉ်များအတွက် လမ်းပေါ်တွင် အလင်းပေးသည့်ကိရိယာများ (Road Illumination device) နှင့် စနစ်များအား အတည်ပြုပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၄။ MMS UNECE R 150:2020 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များအတွက် အလင်းပြန်ပစ္စည်းများ၊ အမှတ်အသားများ (Retro-reflective devices and markings) နှင့်စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

**ဆက်လက်ဖော်ပြပါမည်။**

# Digital Smart မီတာအသစ်လျှောက်ထားခြင်းများအတွက် အသုံးပြုနည်းလမ်းညွှန်ချက်များ

(ယမန်နေ့မှအဆက်)




ပုံ(၁၁) အီးမေးလ်လိပ်စာပြင်ဆင်ရန် ဖောင်ပုံစံ




ပုံ(၁၂) အီးမေးလ်လိပ်စာပြင်ဆင်ရန် ဖောင်ပုံစံ

**ဖုန်းနံပါတ်ပြင်ဆင်ခြင်း**

(၁) ဖုန်းနံပါတ်နေရာ၏ ဘေးရှိ **"ပြောင်းရန်"** ကို Click နှိပ်ပါ။ ထိုအခါ ဖုန်းနံပါတ်အသစ် ဖြည့်သွင်းရန် မိုဒယ်ဘောက်စ် (Modal Box) တစ်ခုပေါ်လာမည်ဖြစ်ပါသည်။

(၂) ပေါ်လာသော မိုဒယ်ဘောက်စ်ရှိ Input Box တွင် မိမိအသုံးပြုလိုသော **ဖုန်းနံပါတ်အသစ် (New Phone Number)** ကို ရိုက်နှိပ်ထည့်သွင်းပါ။


(၃) ထို့နောက် **"ကုဒ်ပေးပို့မည်"** ကို Click နှိပ်ပါ။ ဖြည့်သွင်းခဲ့သော ဖုန်းနံပါတ်ထံသို့ SMS မှတစ်ဆင့် ဂဏန်း (၆) လုံးပါဝင်သော ကုဒ်နံပါတ် (6-Digit Code) ပေးပို့မည်ဖြစ်ပါသည်။

(၄) ရောက်ရှိလာသော ဂဏန်း(၆)လုံးပါ ကုဒ်နံပါတ်ကို စနစ်တွင်ရိုက်နှိပ်ပြီး **"အတည်ပြုမည်"** ကို Click နှိပ်ပါ။

(၅) ကုဒ်နံပါတ် မှန်ကန်စွာဖြည့်သွင်းပြီးပါက ဖုန်းနံပါတ်ပြောင်းလဲခြင်းလုပ်ငန်းစဉ် အောင်မြင်စွာ ပြီးဆုံးမည် ဖြစ်ပါသည်။

**အထူးသတိပြုရန်** – နောက်တစ်ကြိမ် စနစ်အတွင်းသို့ ပြန်လည်ဝင်ရောက် Login ပြုလုပ်သည့်အခါတွင် **"ဖုန်းနံပါတ်အသစ်"** နှင့် **"မူလလျှို့ဝှက်နံပါတ် (Old Password)"**တို့ကို အသုံးပြု၍ ဝင်ရောက်ရမည်ဖြစ်ပါသည်။

**မှတ်ချက်** – လျှောက်ထားသူတွင် ဖုန်းနံပါတ်နှင့် အီးမေးလ် နှစ်မျိုးလုံးရှိနေပါက နောက်တစ်ကြိမ် စနစ်အတွင်းသို့ ပြန်လည်ဝင်ရောက် Login ပြုလုပ်သည့်အခါ "ဖုန်းနံပါတ်" (သို့မဟုတ်) "အီးမေးလ်" နှင့်အတူ မိမိ၏ "မူလလျှို့ဝှက်နံပါတ် (Old Password)" ကို အသုံးပြု၍ ဝင်ရောက်ရမည်ဖြစ်ပါသည်။




ပုံ(၁၃) ဖုန်းနံပါတ်ပြင်ဆင်ရန် ဖောင်ပုံစံ




ပုံ(၁၄) ဖုန်းနံပါတ်ပြင်ဆင်ရန် ဖောင်ပုံစံ




ပုံ(၁၅) ဖုန်းနံပါတ်ပြင်ဆင်ရန် ဖောင်ပုံစံ

**(ဂ) စကားဝှက်ပြောင်းလဲခြင်း**

လျှောက်ထားသူသည် မိမိ၏စကားဝှက်ကိုပြင်ဆင်လိုပါက အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်နိုင်ပါသည် –

(၁) ညာဘက်အပေါ်ဆုံးထောင့်ရှိ **လူပုံစံ (User Icon)** ကို Click နှိပ်ပါ။

(၂) ပေါ်လာသော မီနူးဘားမှ **"ဆက်တင်များ" (Settings)** ကို Click နှိပ်၍ ဝင်ရောက်ပါ။

(၃) ထို့နောက် ဘယ်ဘက်ခြမ်းတွင် **"လုံခြုံရေး" (Security)** Tab ကို Click နှိပ်ပါ။ ထို့နောက် **"လုံခြုံရေး" (Security)** Tab သည် Active ဖြစ်နေမည်ဖြစ်ပြီး ညာဘက်ခြမ်းတွင် စကားဝှက်ပြောင်းလဲရန် စာမျက်နှာပေါ်လာမည်ဖြစ်ပါသည်။




ပုံ(၁၆) စကားဝှက်ပြင်ဆင်ရန် ဖောင်ပုံစံ

**စကားဝှက်ပြောင်းလဲရန်**

"လုံခြုံရေး" စာမျက်နှာသို့ရောက်ရှိပါက **"စကားဝှက်ပြောင်းလဲရန်"** အပိုင်းတွင် အောက်ပါအချက်အလက်များကို မှန်ကန်စွာဖြည့်သွင်းပါ –

(၁) မိမိ လက်ရှိအသုံးပြုနေသော စကားဝှက်ဟောင်းကို ရိုက်ထည့်ပါ။

(၂) ပြောင်းလဲအသုံးပြုလိုသည့် စကားဝှက်အသစ်ကို ရိုက်ထည့်ပါ။

(၃) စကားဝှက်အသစ်ကိုပင် ထပ်မံရိုက်ထည့်ပါ (စကားဝှက်နှစ်ခု ကိုက်ညီရပါမည်)။

အချက်အလက်များ ဖြည့်သွင်းပြီးပါက **"သိမ်းမည်"** ဟူသော အစိမ်းရောင်စာသားကို Click နှိပ်၍ အတည်ပြုပါ။

**နှစ်ဆင့်အတည်ပြုခြင်း စနစ်ဖွင့်ရန် (Enable 2FA)**

အကောင့်ကို ပိုမိုလုံခြုံစိတ်ချရစေရန်အတွက် နှစ်ဆင့်အတည်ပြုခြင်း (Two-Factor Authentication) စနစ်ကို ဖွင့်လှစ်နိုင်ပါသည် –

(၁) စာမျက်နှာအောက်ခြေရှိ **"2FA ဖွင့်မည်"** ကို Click နှိပ်ပါ။

(၂) ဤစနစ်ကိုဖွင့်ထားပါက နောက်တစ်ကြိမ် အကောင့်ဝင်ရောက်သည့်အခါ သတ်မှတ်ထားသော လုံခြုံရေးကုဒ်နံပါတ် (TOTP) ကို စနစ်တကျ ထည့်သွင်းပေးရမည် ဖြစ်ပါသည်။

(၃) "2FA ဖွင့်မည်" ခလုတ်ကို နှိပ်လိုက်ပါက မျက်နှာပြင်ပေါ်တွင် လုံခြုံရေးဆိုင်ရာ QR ကုဒ်နှင့် စနစ်ထည့်သွင်းကီး(Setup Key)တို့ ပေါ်လာမည်ဖြစ်ပြီး အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(၄) မိမိဖုန်းထဲရှိ အတည်ပြုခြင်းအက်ပ်(ဥပမာ – **Google Authenticator** သို့မဟုတ် **Microsoft Authenticator**)ကို ဖွင့်ပါ။

(၅) အက်ပ်အတွင်းရှိ အပေါင်းလက္ခဏာ (+) သို့မဟုတ် အကောင့်ထည့်ရန်ကို Click နှိပ်ပါ။

(၆) အက်ပ်ရှိ ကင်မရာဖြင့် စနစ်မျက်နှာပြင်ပေါ်တွင် ပြသထားသော **"QR ကုဒ်"ကို စကင်ဖတ်(Scan)**ပါ။ သို့မဟုတ် ဖုန်းဖြင့် စကင်ဖတ်ရန် အဆင်မပြေပါက ပေါ်နေသော **"စနစ်ထည့်သွင်းကီး" (Setup Key)**ကို ကူးယူပြီး အတည်ပြုအက်ပ်ထဲသို့ ကိုယ်တိုင်ရိုက်ထည့်ပေးပါ။

(၇) အက်ပ်ထဲတွင် ပေါ်လာသည့် အချိန်အလိုက်ပြောင်းလဲနေသော **ဂဏန်း ၆ ပါကုဒ်(OTP)**ကို စနစ်အတွင်းသို့ ရိုက်ထည့်၍ အတည်ပြုခြင်းကို ပြီးဆုံးအောင်ဆောင်ရွက်ပေးပါ။

**(ဃ) လျှောက်ထားသူအကောင့် ဖျက်သိမ်းခြင်း**

မိမိ၏ လျှောက်ထားသူအကောင့်ကို စနစ်မှ လုံးဝ(လုံးဝ) ဖျက်သိမ်းလိုပါက အောက်ပါအတိုင်း အဆင့်ဆင့် စနစ်တကျဆောင်ရွက်ရမည်ဖြစ်ပါသည်–

(၁) အကောင့်စာမျက်နှာရှိ **"အကောင့်ဖျက်မည်"** စာသားကို Click နှိပ်ပါ။ ထိုအခါ လုံခြုံရေးအရ အတည်ပြုရန် မိုဒယ်ဘောက်စ် (Modal Box) တစ်ခု ပေါ်လာမည်ဖြစ်ပါသည်။

(၂) ပေါ်လာသော ဘောက်စ်ထဲတွင် မိမိအသုံးပြုနေသော **လျှို့ဝှက်နံပါတ်(Password)**ကို ရိုက်နှိပ်ထည့်သွင်းပါ။

(၃) လျှို့ဝှက်နံပါတ် ထည့်ပြီးပါက **"ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်ပါ။ ထိုအခါ အတည်ပြုကုဒ် တောင်းခံရန် စာသားကွက် ပေါ်လာမည်ဖြစ်ပါသည်။

(၄) စနစ်မှ အတည်ပြုကုဒ်ပေးပို့နိုင်ရန် **"ကုဒ်တောင်းမည်"** စာသားကို Click နှိပ်ပါ။ သင့်အကောင့်ထဲရှိ ဖုန်းနံပါတ်(သို့မဟုတ်) အီးမေးလ်ထံသို့ (၆) လုံးပါဝင်သော အတည်ပြုကုဒ် (6-Digit Code) ရောက်ရှိလာမည် ဖြစ်ပါသည်။

(၅) ရောက်ရှိလာသော ဂဏန်း(၆) လုံးပါ ကုဒ်နံပါတ်ကို စနစ်တကျ ပြန်လည်ဖြည့်သွင်းပြီးနောက် **"အကောင့်ဖျက်မည်"** စာသားကို Click နှိပ်ပါ။

(၆) အကောင့်ဖျက်သိမ်းခြင်း အောင်မြင်သွားပါက စနစ်သည် **Login Page (အကောင့်ဝင်ရောက်ရန် စာမျက်နှာ)** သို့ အလိုအလျောက် ပြန်လည်ရောက်ရှိသွားမည် ဖြစ်ပါသည်။

**အထူးသတိပြုရန်** – ဖျက်သိမ်းလိုက်သော အဆိုပါအကောင့် (User Account)ကို နောက်နောင်တွင် စနစ်အတွင်းသို့ မည်သို့မျှ ပြန်လည်ဝင်ရောက် အသုံးပြုနိုင်တော့မည် မဟုတ်ပါ။




ပုံ(၁၇) အကောင့်ဖျက်ရန် ဖောင်ပုံစံ




ပုံ(၁၈) အကောင့်ဖျက်ရန် ဖောင်ပုံစံ




ပုံ(၁၉) အကောင့်ဖျက်ရန် ဖောင်ပုံစံ

(ဆက်လက်ဖော်ပြပါမည်)

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကျင်းပ

ပဲခူး ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ကရင်ဖားစည်ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကရင်ရိုးရာချည်ဖြူဖွဲ့ခြင်း ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းဖတ်ကြားကာ ကရင်ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ကရင်တိုင်းရင်းသားဘိုးဘွားများက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများကို ချည်ဖြူဖွဲ့ပေးကြပြီး ချည်ဖြူဖွဲ့ပေးသည့် ကရင်ဘိုးဘွား ၂၂ ဦးနှင့် တိုင်းရင်းသားရိုးရာ အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မုံရွာ ဩဂုတ် ၂၈

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လွှတ်တော်အဆောက်အအုံရှိ လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးက ကြယ်ပွင့်ပြထားသည့် မေးခွန်းခြောက်ခုကို မေးမြန်းကြရာ သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီးများက ဖြေကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး ဥပဒေပြုရေးဆိုင်ရာ ကော်မတီက ဥပဒေပြင်ဆင်ရန် တင်သွင်းထားသည့် စစ်ကိုင်းတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ပြင်ဆင်သည့် ဥပဒေကို ကန့်ကွက်ရန်မရှိသဘောတူပါကြောင်းနှင့်လွှတ်တော်ကိုယ်စားလှယ်များကလည်း သဘောတူသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်သည့်ဥပဒေကို အတည်ပြုကြောင်း ကြေညာခဲ့သည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)




# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် DPS ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

ဦးစွာ အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ မြို့နယ်တပ်စုမှူး ဒုတိယရဲမှူး လှိုင်ဝင်းအောင်က လမ်းဖြတ်ကူးရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ ခြေကျင်လမ်းလျှောက်သူများ လိုက်နာရမည့် စည်းကမ်းများ၊ လက်အချက်ပြ သင်္ကေတများ၊ အနေးယာဉ်စီးနင်းသူများ လိုက်နာရမည့် စည်းကမ်း စသည့် အသိပညာဗဟုသုတများကို အသိပညာပေး ဟောပြောပေးပြီး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

# ကြို့ပင်ကောက်မြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

ကြို့ပင်ကောက် ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် တမံဆည်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၂၇ ရက်တွင် ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံပြည်သူများ၏ ကျေးရွာများဖွံ့ဖြိုးရေးအတွက် ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ လမ်း၊ တံတားကိစ္စရပ်များအား အပြုသဘောဆောင်သည့် ဆွေးနွေးမေးမြန်းချက်များကို သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)





# ဘားအံမြို့နယ်၌ ငွေစုငွေချေးသမဝါယမအသင်း စည်းဝေး

ဘားအံ ဩဂုတ် ၂၈

ကရင်ပြည်နယ် သမဝါယမဦးစီးဌာနဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်း(လီမိတက်)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

## ပေးအပ်

အစည်းအဝေးတွင် ကရင်ပြည်နယ် သမဝါယမဦးစီးဌာနဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်း(လီမိတက်) ဥက္ကဋ္ဌက အမှုဆောင်ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ အမြတ်ခွဲဝေမှုစာရင်းနှင့် အသင်းစာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားရှင်းလင်း၍ တက်ရောက်လာကြသော အသင်းသားများအား အစုပေါ်အမြတ်ငွေနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် အမှုဆောင်ငါးဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့အား ရွေးချယ်အတည်ပြုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လွိုင်ကော်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) နှင့် အငယ်တန်းအင်ဂျင်နီယာတို့သည် ဩဂုတ် ၂၇ ရက်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လွိုင်ကော်မြို့ ပန်ကန်းကျေးရွာ ဗေဒါလမ်း ပေ ၄၀၀၀ အား ကတ္တရာလမ်းခင်းရန် သုံးလက်မအောက်ခံကျောက် အကျယ် ၁၄ ပေ၊ ဒု ခြောက်လက်မ ခင်းခြင်းဆောင်ရွက်နေမှုကို စီမံကိန်းစစ်ဆေးရေးနှင့် အရည်သွေးထိန်းသိမ်းရေးဌာနခွဲ(ရုံးချုပ်)က လမ်း Level တိုင်းတာစစ်ဆေးနေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။

မေစု(ပြန်/ဆက်)

# မိုးညိုမြို့နယ်၌ ကျေးရွာမြေပုံဇယားဂရန်ပေးအပ်ပွဲ ပြုလုပ်

မိုးညို ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မင်းကြီးကျေးရွာနေ ပြည်သူများအား ကျေးရွာမြေပုံဇယားဂရန်ပေးအပ်ပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက ရေကင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ဦးစွာ သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က ကျေးရွာမြေပုံဇယားဂရန် ဆောင်ရွက်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မင်းကြီးကျေးရွာနေ ပြည်သူ ၁၀၂ ဦးတို့အား ကျေးရွာမြေပုံဇယားဂရန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)



# မူဝါဒများခိုင်မာဖို့ စီမံကိန်းစစ်တမ်းကောက်ယူစို့ အထောက်အထားအခြေပြု သုံးသပ်မှုဖြင့် မြန်မာ့ပညာရေးအနာဂတ်ကို တည်ဆောက်ခြင်း

ဒေါက်ဇော် (သလ္လာမြေ)

**(ယမန်နေ့မှအဆက်)**

ပညာရေးသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် ကဏ္ဍဖြစ်သောကြောင့် ပညာရေးမူဝါဒတစ်ရပ်ကို အဖွဲ့အစည်းတစ်ခုတည်း၏အမြင်ဖြင့်သာ ရေးဆွဲ၍မရနိုင်ပါ။ ထို့ကြောင့် ပထမငါးနှစ်ကာလ စီမံကိန်းစစ်တမ်းလုပ်ငန်းစဉ်တွင် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍများ၊ ဆရာအတတ်ပညာဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဦးစီးဌာနများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်သူများ၏အမြင်များကို စုဆောင်းသုံးသပ်မည်ဖြစ်သည်။

ပထမငါးနှစ်ကာလကို ပြန်လည်သုံးသပ်မည့် စီမံကိန်းစစ်တမ်းလုပ်ငန်းစဉ်တွင် ဖြေဆိုသူအုပ်စုအလိုက် မေးမြန်းရမည့်မေးခွန်းလမ်းညွှန်များကို သီးခြားပြုစုထားခြင်းသည် သက်ဆိုင်သူတစ်ဦးချင်း၏ အတွေ့အကြုံနှင့် အမြင်များကို စနစ်တကျ စုစည်းနိုင်ရန်ဖြစ်ကြောင်း တွေ့ရှိရသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် မူဝါဒသည် အထက်မှချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်သာမဟုတ်ဘဲ လက်တွေ့အတွေ့အကြုံများကို အခြေခံထားသော မူဝါဒတစ်ရပ်အဖြစ် ပိုမိုခိုင်မာလာမည်ဖြစ်သည်။

**အထောက်အထားအခြေပြု မူဝါဒရေးဆွဲခြင်း**

ယနေ့ခေတ် အများပြည်သူဆိုင်ရာမူဝါဒများကို ရေးဆွဲရာတွင် အမြင်များ၊ ယူဆချက်များ သို့မဟုတ် အလေ့အထများအပေါ် မူတည်ခြင်းထက် အထောက်အထားများနှင့် လက်တွေ့အချက်အလက်များအပေါ်အခြေခံ၍ ဆုံးဖြတ်ခြင်းကို ပိုမိုအရေးထားလာကြသည်။ ယင်းကို အထောက်အထားအခြေပြု မူဝါဒရေးဆွဲခြင်းဟုခေါ်သည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ပထမငါးနှစ်ကာလကို ပြန်လည်သုံးသပ်မည့် စီမံကိန်းစစ်တမ်းသည်လည်း ယင်းအခြေခံမှုကို လက်တွေ့အသုံးချရန် ရည်ရွယ်ထားပြီး ကွင်းဆင်းလေ့လာမှုများ၊ တွေ့ဆုံမေးမြန်းမှုများ၊ စာရွက်စာတမ်းများနှင့် အကောင်အထည်ဖော်မှုရလဒ်များကို ပေါင်းစပ်သုံးသပ်ကာ ကျန်ရှိသည့် ငါးနှစ်တာကာလအတွက် ပိုမိုထိရောက်သော မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များ ချမှတ်နိုင်ရန် ရည်ရွယ်ထားသည်။

ထို့ကြောင့် ပထမငါးနှစ်ကာလ စီမံကိန်းစစ်တမ်းသည် အစီရင်ခံစာတစ်စောင်ပြုစုခြင်းဖြင့် ပြီးဆုံးသွားမည့် လုပ်ငန်းစဉ်တစ်ရပ်မဟုတ်ဘဲ ရရှိလာသော အချက်အလက်များ၊ သင်ခန်းစာများနှင့် အကြံပြုချက်များကိုအခြေခံ၍ အနာဂတ်ပညာရေးမူဝါဒများ ပိုမိုခိုင်မာတိကျလာစေရန်နှင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ပိုမိုကောင်းမွန်စွာ ဦးတည်ပေးနိုင်မည့် အရေးပါသော အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

**ပထမငါးနှစ်ကာလ စီမံကိန်းစစ်တမ်း၏ မျှော်မှန်းထားသော အဓိကရည်ရွယ်ချက်များ**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP II) ပထမငါးနှစ်ကာလကို ပြန်လည်သုံးသပ်မည့် စီမံကိန်းစစ်တမ်းလုပ်ငန်းစဉ်သည် အောက်ပါ အဓိကရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသည်။ ပထမရည်ရွယ်ချက်မှာ (NESP II) ၏ ပထမငါးနှစ်ကာလ (၂၀၂၁-၂၀၂၆) အတွင်း အကောင်အထည်ဖော်ခဲ့သော လုပ်ငန်းများ၏တိုးတက်မှုနှင့် ရလဒ်များကို စနစ်တကျ အကဲဖြတ်ရန်ဖြစ်သည်။

ဒုတိယရည်ရွယ်ချက်မှာ အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်အတွင်း ကြုံတွေ့ခဲ့ရသော အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် သင်ခန်းစာများကို ဖော်ထုတ်ရန်ဖြစ်သည်။ တတိယရည်ရွယ်ချက်မှာ ကျန်ရှိသော ငါးနှစ်တာကာလ (၂၀၂၆ -၂၀၃၀) အတွက် မူဝါဒနှင့် လုပ်ငန်းအစီအစဉ်များကို အထောက်အထားအခြေပြု ပြင်ဆင်ဖြည့်စွက်ရန်ဖြစ်သည်။ စတုတ္ထရည်ရွယ်ချက်မှာ ပညာရေးဆိုင်ရာ သက်ဆိုင်သူအားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် ရေရှည်ပညာရေးဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်များကို ပြန်လည်သုံးသပ်ရန်ဖြစ်သည်။ ဤရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဒေတာစုဆောင်းမှုလုပ်ငန်းစဉ်များ၊ သက်ဆိုင်သူများ၏ ပါဝင်မှုနှင့် အထောက်အထားအခြေပြု ဆန်းစစ်သုံးသပ်မှုများကို စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်သည်။

**စိန်ခေါ်မှုများ — မူဝါဒမှ လက်တွေ့အကောင်အထည်ဖော်မှုအထိ ခရီးရှည်**

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP – II)၏ ပထမငါးနှစ်ကာလသုံးသပ်ချက်သည် ယခင်ကဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များ၏ တိုးတက်မှုများကို အသိအမှတ်ပြုသကဲ့သို့ ပညာရေးကဏ္ဍတွင် ရေရှည်တည်ရှိနေသော စိန်ခေါ်မှုများကိုလည်း ဖြေရှင်းရန် ရည်ရွယ်ပါသည်။ ပညာရေးပြုပြင်ပြောင်းလဲမှုသည် ရေရှည်တည်တံ့သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး မူဝါဒများ ရေးဆွဲခြင်းထက် ပိုမိုနက်ရှိုင်းသော အကောင်အထည်ဖော်မှုစွမ်းရည်၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ၏ အားကောင်းမှုတို့ လိုအပ်ပါသည်။

ပထမစိန်ခေါ်မှုမှာ မူဝါဒနှင့် လက်တွေ့အကောင်အထည်ဖော်မှုအကြား ကွာဟချက်ဖြစ်သည်။ ပညာရေးပြုပြင်ပြောင်းလဲမှုများတွင် အရေးကြီးဆုံးစိန်ခေါ်မှုတစ်ရပ်မှာ မူဝါဒအဆင့်ရှိ ရည်မှန်းချက်များကို စာသင်ခန်းအတွင်း အမှန်တကယ်ဖြစ်ပေါ်လာသော ပြောင်းလဲမှုများအဖြစ် ပြောင်းလဲပေးနိုင်ရေးဖြစ်ပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှု၊ ကျောင်းသားဗဟိုပြုသင်ကြားမှုနှင့် အရည်အချင်းအခြေပြု ပညာရေးစနစ်တို့ကို အလေးထားသော်လည်း အဆိုပါရည်မှန်းချက်များ အောင်မြင်စေရန် ဆရာများ၏ နားလည်မှု၊ လက်တွေ့အသုံးချနိုင်မှုနှင့် လိုအပ်သောပံ့ပိုးမှုစနစ်များသည် အရေးကြီးပါသည်။ သင်ရိုးအသစ်တစ်ခုသည် စာအုပ်အသစ်တစ်အုပ်ထက် ပိုမိုကျယ်ပြန့်သော အဓိပ္ပာယ်ရှိပါသည်။ ၎င်းသည် သင်ကြားနည်း၊ သင်ယူမှုပုံစံ၊ အကဲဖြတ်မှုနည်းလမ်းနှင့် ကျောင်းယဉ်ကျေးမှုတစ်ခုလုံးကို ပြောင်းလဲစေသော လုပ်ငန်းစဉ်ဖြစ်ပါသည်။

> **ပထမငါးနှစ်ကာလ စီမံကိန်းစစ်တမ်းသည် အစီရင်ခံစာတစ်စောင်ပြုစုခြင်းဖြင့် ပြီးဆုံးသွားမည့် လုပ်ငန်းစဉ်တစ်ရပ်မဟုတ်ဘဲ ရရှိလာသော အချက်အလက်များ၊ သင်ခန်းစာများနှင့် အကြံပြုချက်များကို အခြေခံ၍ အနာဂတ်ပညာရေးမူဝါဒများ ပိုမိုခိုင်မာတိကျလာစေရန်နှင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ပိုမိုကောင်းမွန်စွာ ဦးတည်ပေးနိုင်မည့် အရေးပါသော အခြေခံအုတ်မြစ်တစ်ရပ် ဖြစ်လာမည်**

ဒုတိယစိန်ခေါ်မှုမှာ ဆရာအင်အားနှင့် ပညာရှင်ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများဖြစ်သည်။ ပညာရေးစနစ်တစ်ခု၏ အောင်မြင်မှုသည် ဆရာများ၏ အရည်အသွေးနှင့် အလွန်နီးကပ်စွာ ဆက်နွှယ်နေပါသည်။ ထို့ကြောင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်မှုတွင် ဆရာမွေးထုတ်ရေးနှင့် ဆရာအတတ်ပညာဖွံ့ဖြိုးရေးကို အရေးကြီးသော ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်ခဲ့ပါသည်။

သို့သော် ဆရာများအတွက် အရည်အသွေးမြင့် လေ့ကျင့်ရေး အခွင့်အလမ်းများ၊ လက်တွေ့သင်ကြားမှုအထောက်အပံ့များ၊ ဒီဂျစ်တယ်နည်းပညာအသုံးချနိုင်မှုနှင့် သင်ကြားရေးဆိုင်ရာ သုတေသနနှင့် ဆန်းသစ်တီထွင်မှု အခွင့်အလမ်းများကို ပိုမိုခိုင်မာစေရန် လိုအပ်နေပါသည်။ ဆရာများကို ပြောင်းလဲမှု၏ လက်ခံသူများအဖြစ်သာ မမြင်ဘဲ ပညာရေးပြုပြင်ပြောင်းလဲမှု၏ ပူးပေါင်းဖန်တီးသူများအဖြစ် မြင်ရန် လိုအပ်ပါသည်။

တတိယစိန်ခေါ်မှုမှာ ပညာရေးတန်းတူညီမျှမှုနှင့် ဒေသအလိုက်ကွာဟချက်များဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထဝီဝင်နှင့် လူမှုစီးပွားရေး အခြေအနေများမတူညီမှုကြောင့် ပညာရေးဝန်ဆောင်မှုများကို နေရာတိုင်းတွင် တူညီသောအရည်အသွေးဖြင့် ပေးအပ်နိုင်ရေးသည် အရေးကြီးသောစိန်ခေါ်မှုတစ်ရပ် ဖြစ်နေဆဲဖြစ်ပါသည်။ မြို့ပြဒေသများနှင့် ဝေးလံသောဒေသများအကြား ဆရာအရည်အသွေး၊ သင်ထောက်ကူပစ္စည်းရရှိမှု၊ နည်းပညာအသုံးပြုနိုင်မှုနှင့် ကျောင်းအဆောက်အအုံအခြေအနေတို့တွင် ကွာဟချက်များရှိနိုင်ပါသည်။

**ပထမငါးနှစ်ကာလ စီမံကိန်းစစ်တမ်း၏ မျှော်မှန်းထားသော အကျိုးကျေးဇူးများ**

ပထမငါးနှစ်ကာလ သုံးသပ်ချက်အောင်မြင်စွာ ပြီးမြောက်ပါက အောက်ပါအကျိုးကျေးဇူးများရရှိလာမည်ဟု မျှော်မှန်းထားပါသည်။ ပထမအကျိုးကျေးဇူးမှာ ပညာရေးမူဝါဒများသည် လက်တွေ့အခြေအနေနှင့် ပိုမိုကိုက်ညီလာမည်ဖြစ်ပြီး အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်တွင် ဖြစ်ပေါ်လာသော အားနည်းချက်များကို အချိန်မီ ဖြေရှင်းနိုင်မည်။ ဒုတိယအကျိုးကျေးဇူးမှာ သက်ဆိုင်သူများ၏ပါဝင်မှုကို တိုးမြှင့်ပေးနိုင်ပြီး ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်များတွင် အများပြည်သူ၏ ယုံကြည်မှုကို ရရှိစေမည်။

တတိယအကျိုးကျေးဇူးမှာ အရင်းအမြစ်များကို ပိုမိုထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ပြီး ဦးစားပေးလုပ်ငန်းများအတွက် ဘတ်ဂျက်ရင်းနှီးမြှုပ်နှံမှုကို ပြန်လည်သုံးသပ်နိုင်မည်။ စတုတ္ထအကျိုးကျေးဇူးမှာ နောင်လာမည့် ပညာရေးစီမံကိန်းများအတွက် အထောက်အထားအခြေပြု အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်လာမည်ဟု မျှော်မှန်းရလဒ်ချမှတ်ထားပါသည်။

**အထောက်အထားမှ မူဝါဒသို့၊ မူဝါဒမှ အနာဂတ်သို့**

ပညာရေးစီမံကိန်း၏ အောင်မြင်မှုကို သိရှိရန်အတွက် စီမံကိန်းစစ်တမ်းနှင့် သုံးသပ်အကဲဖြတ်မှုများသည် မရှိမဖြစ် လိုအပ်ပါသည်။ အထူးသဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ ပထမငါးနှစ်ကာလ သုံးသပ်မှုသည် အတိတ်ကို ပြန်လည်သုံးသပ်ခြင်းသာမက အနာဂတ်ပညာရေးလမ်းကြောင်းကို **အချက်အလက်နှင့် အထောက်အထားများအပေါ် အခြေခံ၍ သတ်မှတ်နိုင်မည့် အခွင့်အလမ်း**ဖြစ်ပါသည်။

ဆရာ ဆရာမများ၊ ကျောင်းသားများ၊ မိဘများ၊ လူမှုအသိုက်အဝန်းနှင့် ကျောင်းများထံမှရရှိသည့် အချက်အလက်များကို စနစ်တကျ စုဆောင်း၊ ခွဲခြမ်းစိတ်ဖြာပြီး မူဝါဒချမှတ်ရာတွင် အသုံးချနိုင်မှသာ ပညာရေးမူဝါဒများသည် လက်တွေ့လိုအပ်ချက်များနှင့် ပိုမိုကိုက်ညီလာမည်ဖြစ်ပါသည်။

**အထောက်အထားကောင်းမှ သုံးသပ်ချက်ကောင်း၊ သုံးသပ်ချက်ကောင်းမှ မူဝါဒကောင်း၊ မူဝါဒကောင်းမှ ပညာရေးကောင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ပေါက်လာမည်ဖြစ်သည်။**

**ထို့ကြောင့် ယနေ့ကို အထောက်အထားဖြင့် သုံးသပ်ပြီး မနက်ဖြန်ကို သင်ခန်းစာများဖြင့် ပြင်ဆင်ကြပါစို့။ ပညာရေးကို တိုးတက်အောင် တည်ဆောက်ခြင်းသည် နိုင်ငံ၏ ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်ခြင်းပင်ဖြစ်ပါသည်။** ။

ကိုးကားစာရင်း (References)

Ministry of Education, Myanmar. (2015). *Myanmar national education policy and curriculum framework.* Ministry of Education.

Ministry of Education, Myanmar. (2016). *National education strategic plan (NESP) 2016–2021.* Ministry of Education.

Ministry of Education, Myanmar. (2021). *National education strategic plan (NESP II) 2021–2030.* Ministry of Education.

OECD. (2019). *OECD learning compass 2030: A series of concept notes.* OECD Publishing.

UNESCO. (2021). *Reimagining our futures together: A new social contract for education. UNESCO Publishing.*

*UNESCO. (2023). Global education monitoring report 2023.* UNESCO Publishing.

## ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၈

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာမြို့နယ်အတွင်း ဩဂုတ် ၁၄ ရက်တွင် ငဝန်မြစ်ရေသည် ၇ ပေ ၉ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့တွင် ၄ ပေ ၁၁ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၂ ပေ ၁၀ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၆ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၁ ပေ ၈ လက်မခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ငသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ကာ ယနေ့တွင် ၉ ပေ ၈ လက်မခန့်သာကျန်ရှိသဖြင့် ၁ပေ ၁ လက်မခန့်ကျဆင်းသွားခဲ့သည်။

ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာ-ဟင်္သာတသွား ကားလမ်းမကြီးနှင့် အချို့နေရာများကို အများပြည်သူနှင့် မော်တော်ယဉ်များ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ကားလမ်းမကြီးပေါ်၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်သရိုက်များကို ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြုရန် Geo-bags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ငဝန်တာနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများနှင့် ရေဝင်လမ်းကြောင်း ပိတ်ဆို့ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ပုသိမ် ဩဂုတ် ၂၈

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငဝန်တာတမံနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်နိုင်ရေးလုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများပေါင်းစပ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Steel Sheet Pile ရိုက်သည့် စက်ရေယာဉ်တွဲများအသုံးပြု၍ လည်းကောင်း၊ ပန်းတာရေဝင်လမ်း ပိတ်ဆို့ကာကွယ်မည့် Geo-bags ချသည့် ဒဂုန်စာမရီရေယာဉ်နှင့် မြဟန်တိုးသဲယာဉ်တို့ဖြင့် လည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Geo-bags ချသည့် စက်ရေယာဉ်တွဲအပါအဝင် ရေယာဉ်ငယ်တို့ဖြင့် လည်းကောင်း၊ သဲစက်လှေတွဲများဖြင့် လည်းကောင်း၊ လူအင်အားသုံး မျောတုတ်တန်းအပြင်ဘက် ရေဝင်စီးကြောင်းကာကွယ်တန်းအား ပိုမိုတောင့်တင်းစေရန် နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုးထားသည့် သဲအိတ်ဖြည့်ကာကွယ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့်သူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး ဆိတ်နို့ကုန်းတာကွပ်ကဲရုံးသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ထမင်းထုပ်များ ပေးဝေခဲ့သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လေးမျက်နှာမြို့ အမှတ်(၄)ရပ်ကွက် နဝင်းကျောင်းတိုက်သို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အားပေးစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက မြွေအန္တရာယ်၊ ဝမ်းပျက်ဝမ်းလျှောရောဂါဆိုင်ရာ အသိပညာပေးခြင်းနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ လေးမျက်နှာမြို့ အမှတ် (၁)ရပ်ကွက် ပြည်ငြိမ်းအေးကျောင်းတိုက်၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားများ ပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောကာ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့ပြင် ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဟင်္သာတမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဧည့်ရိပ်သာတွင် အလှူငွေများ လှူဒါန်းရာ ဦးသိန်းအောင် (ဝန်ကြီးချုပ်-ငြိမ်း) + ဒေါ်ခင်ဌေးမြင့် မိသားစုက အလှူငွေကျပ် သိန်းနှစ်ရာကို လည်းကောင်း၊ ဦးရန်ဝင်း A1 ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က အလှူငွေကျပ် သိန်းသုံးရာကို လည်းကောင်း၊ ဦးဇော်ဝင်းရှိန် ရောဟင်္သာကုမ္ပဏီလီမိတက်က အလှူငွေကျပ် သိန်းသုံးရာကိုလည်းကောင်း လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဩဂုတ် ၂၈

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားမှု ဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာ တည်ဆောက်ခြင်း၊ ကမ်းရင်းတာ (Bund Slope) တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏ အရှေ့ဘက်ဆင်ခြေလျှော ရေတိုက်စားမှုကာကွယ်ရန် Geo Textile ခင်းခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် အမျိုးသား ၁၃၁ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄၀ တို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ



နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းမှူး ဗိုလ်ချုပ် ကျော်သူရနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့် အတူပါရှိလာသည့် ပစ္စတိုသေနတ် တစ်လက်၊ MA–1 သေနတ် တစ်လက်၊ MA–3 သေနတ် နှစ်လက်၊ MA–11 သေနတ် တစ်လက်၊ ကေအေသေနတ် တစ်လက်၊ လက်လုပ်သေနတ် တစ်လက်၊ ကျည်အိမ် ခုနစ်ခုနှင့် လက်ပစ်ဗုံးမျိုးစုံ ၁၀လုံးတို့ကို အပ်နှံခဲ့ရာ တိုင်းမှူးက လက်ခံရယူခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ်သေနတ် ခြောက်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၃၀၀၊ ပစ္စတိုသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၀၊ လက်ပစ်ဗုံးမျိုးစုံ ၁၀ လုံးအတွက် ဆုကြေးငွေကျပ် သိန်း ၃၀၊ ဥပဒေဘောင်အတွင်း ရောက်လာသူများအတွက် ဆုကြေးငွေကျပ် ၄၇ သိန်း ၅ သောင်း စုစုပေါင်း ဆုကြေးငွေကျပ် ၃၉၇ သိန်း ၅ သောင်းနှင့် စာသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် စစ်ကိုင်းမြို့မှ အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ခြောက်ဦး၊ မုံရွာမြို့မှ အမျိုးသား ၁၄ ဦး၊ ရွှေဘိုမြို့မှ အမျိုးသား ခုနစ်ဦး၊ ရေဦးမြို့မှ အမျိုးသား တစ်ဦး၊ ဝန်းသိုမြို့မှ အမျိုးသား သုံးဦး၊ ကသာမြို့မှ အမျိုးသား လေးဦးနှင့် ကန့်ဘလူမြို့မှ အမျိုးသား သုံးဦး စုစုပေါင်း အမျိုးသား ၈၉ ဦးနှင့် အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၉၅ ဦးဖြစ်ကြောင်း သိရသည်။

အလားတူ ကလေးမြို့ရှိ အောင်ဆန်းခန်းမ၌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ကျင်းပရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအနေဖြင့် ဟားခါးမြို့မှ အမျိုးသား တစ်ဦး၊ ကလေးမြို့မှ အမျိုးသား ၂၅ ဦး၊ အမျိုးသမီး နှစ်ဦး၊ မော်လိုက်မြို့မှ အမျိုးသား တစ်ဦး၊ ဖောင်းပြင်မြို့မှ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦးနှင့် တမူးမြို့မှ အမျိုးသား ၁၃ ဦး စုစုပေါင်း အမျိုးသား ၄၂ ဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ၄၅ ဦးတို့သည် ၎င်းတို့နှင့်အတူ ပါရှိလာသည့် ပစ္စတိုသေနတ် တစ်လက်၊ MA–1 သေနတ် နှစ်လက်၊ MA–3 သေနတ် နှစ်လက်၊ MA–11 သေနတ် တစ်လက်၊ M–22 သေနတ် တစ်လက်၊ Type–81 သေနတ် ၁၁ လက်၊ AK–47 သေနတ် တစ်လက်၊ ကာဘိုင်သေနတ် တစ်လက်နှင့် ရိုင်ဖယ်သေနတ် တစ်လက် စုစုပေါင်း ၂၁ လက်၊ ကျည်အိမ် အခု ၃၀၊ ကျည်မျိုးစုံ ၆၇၉ တောင့်၊ လက်ပစ်ဗုံး ခြောက်လုံးနှင့် စကားပြောစက် သုံးလုံးတို့ကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူပြီး မောင်းပြန်ရိုင်ဖယ်သေနတ် အလက် ၂၀ အတွက် ဆုကြေးငွေကျပ် သိန်း ၁၀၀၀၊ ပစ္စတိုသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၀၊ လက်ပစ်ဗုံး ခြောက်လုံးအတွက် ဆုကြေးငွေကျပ် ၁၈ သိန်း၊ စကားပြောစက် သုံးလုံးအတွက် ဆုကြေးငွေကျပ် ခြောက်သိန်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် ဆုကြေးငွေကျပ် ၂၂ သိန်း ၅ သောင်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပေးကြသည်။

ထို့ကြောင့် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ အသီးသီးမှ အမျိုးသား ၁၃၁ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄၀ သည် လက်နက်မျိုးစုံ ၂၇ လက်၊ လက်ပစ်ဗုံး ၁၆ လုံး၊ ခဲယမ်းများ ဆက်စပ်ပစ္စည်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေး၍ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းရယ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ပြည်ပနိုင်ငံသားနှစ်ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်အစိုးရ အနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီး ကာကွယ်ခြင်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိသည့် အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မန်မိုင်းကျေးရွာနှင့် မန်းက ကျေးရွာကြား တရားမဝင် အွန်လိုင်းလိမ်လည်မှု လုပ်ကိုင်သူများအား သွားရောက်ဖမ်းဆီးစဉ် ထွက်ပြေးလွတ်မြောက်သွားသည့် တရုတ်နိုင်ငံသား အမျိုးသား တစ်ဦးနှင့် ကာဇက်စတန်နိုင်ငံသား အမျိုးသား တစ်ဦးတို့အား ဖုန်းမျိုးစုံ ၁၀ လုံးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နားလီကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့သည်။

**ဆက်လက်ဆောင်ရွက်**

အဆိုပါ ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။




မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား တစ်ဦးနှင့် ကာဇက်စတန်နိုင်ငံသား အမျိုးသား တစ်ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**■ ကျောဖုံးမှ**

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် နဲမနိတ်ကျေးရွာနေ ဒေါ်လှလှဝင်း (၇၁)နှစ် ကျောင်းဆရာမ(ငြိမ်း)သည် ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းက နေအိမ်အနောက်ဘက်ရှိ ရေချိုးခန်း ဝင်ပေါက်ဘေးတွင် ဒဏ်ရာများဖြင့် သေဆုံးနေပြီး လက်ကိုင်ဖုန်း တစ်လုံး၊ ရွှေထည်ပစ္စည်းနှင့် ငွေများပျောက်ဆုံးလျက်ရှိကြောင်း သတင်းအရ နိဗ္ဗာန်နယ်မြေရဲစခန်း (ပ)၂၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/ ၃၉၄ ဖြင့် အမှုဖွင့်လှစ်ကာ တရားခံအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် တရားခံများအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေး စခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ နံနက်ပိုင်းပြိုင်ပွဲများ အဖြစ် ခေတ်ပေါ်တေးအဆိုပြိုင်ပွဲ (အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၁၉ ဦး က ရှူးရှူးမိုက်မိုက်အချစ်သီချင်း ဖြင့်လည်းကောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကပြိုင်ပွဲ(နန်းတွင်း ယိမ်း)ကို ပြိုင်ပွဲဝင် အဖွဲ့ ခြောက်ဖွဲ့ က လည်းကောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အကပြိုင်ပွဲ(တိုင်းရင်း သားယိမ်း)ကို ပြိုင်ပွဲဝင်အဖွဲ့ ခြောက်ဖွဲ့က လည်းကောင်း ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အကပြိုင်ပွဲ(တစ်ဦး ချင်း)(အမျိုးသား)ကို ပြိုင်ပွဲဝင် ၁၇ ဦးက လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲ (တစ်ဦးချင်း) (အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၁၇ ဦးက လည်းကောင်း ကပြဖျော်ဖြေယှဉ်ပြိုင်ကြသည်။

အလားတူ ညပိုင်းတွင် နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲများက အငြိမ့်နှင့် ပြဇာတ်များကို ပါဝင် ကပြယှဉ်ပြိုင်ကြသည်။ အဆိုပါ ပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြား ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင် ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက် ကြည့်ရှုအားပေးကြ ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကား ပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြား ရေးမှူးသည် သမဝါယမစနစ်ဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း များအပေါ် ရှင်းလင်းဆွေးနွေးပွဲ ကို နေပြည်တော် သမဝါယမ ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် ရှစ်မြို့နယ် သမဝါယမဦးစီးဌာန တို့မှ တာဝန်ရှိသူများနှင့် ဩဂုတ် ၂၆ ရက်က နေပြည်တော်



သမဝါယမဦးစီးဌာနရုံး၌ ကျင်းပ သည်။

ဆွေးနွေးပွဲတွင် ညွှန်ကြား ရေးမှူးက သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက် သည့် စနစ်ကျသော စိုက်ပျိုးရေး စနစ်စီမံကိန်းလုပ်ငန်းနှင့် သီးနှံ အပ်နှံ အာမခံလုပ်ငန်းတို့၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သမဝါယမအသင်းဥပဒေနှင့်အညီ သမဝါယမအသင်းများ ပြန်လည် ဖွဲ့စည်းပြီးမှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းအား ဓာတ်အားပိတ်၍ ဆောင်ရွက်မည်

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ် များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၃၃ ကေဗွီ ဓာတ်အားခွဲရုံအမှတ်(၁)ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို ဩဂုတ်၂၉ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အားပိတ်၍ လည်းကောင်း၊ နေပြည်တော် တပ်ကုန်းမြို့နယ် အတွင်း ၃၃ ကေဗွီ Project M/O ဓာတ်အား လိုင်းကို ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဓာတ်အားပိတ်၍ လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ရာ ဓာတ်အားပိတ်နယ်မြေအတွင်းရှိ ရုံးဌာနများ နှင့် စက်ရုံ၊ အလုပ်ရုံများတွင် ယာယီ ဓာတ်အား ပြတ်တောက်နေမည်ဖြစ်သည်။

အလားတူ ၂၃၀ ကေဗွီ မြောင်းတကာပင်မ ဓာတ်အားခွဲရုံရှိ အပူချိန်မြင့်တက်မှုဖြစ်ပေါ် နေသော ဓာတ်အားလွှတ်ကြားခံပစ္စည်းများ ကို အစားထိုးလဲလှယ်ရန် ဩဂုတ် ၃၀ ရက်၊ နံနက် ၁၀ နာရီ မှ မွန်းလွဲ ၃ နာရီအထိ အချိန် ငါးနာရီကြာခန့် ဓာတ်အားပိတ်ဆောင်ရွက်မည် ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ အချို့မြို့/မြို့နယ်များ၊ ရပ်ကွက်များနှင့် ကျေးရွာများ ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အား ပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘ ပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင် အသိပေးထားပြီးဖြစ်သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ နှင့် ပတ်ဝန်းကျင်ဒေသများသို့ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် အကောင် အထည်ဖော်ဆောင်ရွက်ခဲ့သည့် ၂၃၀ ကေဗွီ မြင်းခြံ Switching Station ဓာတ်အားခွဲရုံအား ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် ၂၃၀ ကေဗွီ သပြေဝ-မြင်းခြံ(သံမဏိ) ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွား မည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၃၀ ကေဗွီ သပြေဝ-မြင်းခြံ(သံမဏိ) ဓာတ်အား လိုင်းကို ဩဂုတ် ၂၉ ရက် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ ယာယီဓာတ်အား ပြတ်တောက်နိုင်မည် ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်တောက်မည့် ဧရိယာများရှိ စက်ရုံ၊ အလုပ်ရုံများကို ကြိုတင်ညှိနှိုင်း အကြောင်းကြားထားပြီးဖြစ်သည်။

အလားတူ ကချင်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့ဧရိယာများသို့ ဓာတ်အားတည်ငြိမ်စွာ ပို့လွှတ်နိုင်ရန်အတွက် ၆၆ ကေဗွီ ဝိုင်းမော် - မြစ်ကြီးနား အမှတ်(၁) ဓာတ်အားလိုင်း၏ ဧလမင်းထင်တံတားပေါ်ရှိ တိုင်အမှတ်(၃၄ နှင့် ၃၅)ကြားတွင် ကေဘယ်လ်ကြိုးအသစ် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက် ပြီးစီးပြီးဖြစ်ပါသဖြင့် အဆိုပါကေဘယ်လ်ကြိုး အား ဝန်အားချိတ်ဆက် ပို့လွှတ်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ရာ ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ သုံးနာရီ ကြာ မြစ်ကြီးနားခရိုင်နှင့် မိုးညှင်းခရိုင်အတွင်း ရှိ မြို့နယ်များ ယာယီဓာတ်အား ပြတ်တောက် နေမည်ဖြစ်ကြောင်းနှင့် စက်ရုံ၊ အလုပ်ရုံများသို့ ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရှိပြီးဖြစ်ပါ ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်



# သထုံမြို့နယ် အားမာန်သစ်ရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

သထုံ ဩဂုတ် ၂၈

မွန်ပြည်နယ် သထုံမြို့နယ် အားမာန်သစ်ရောင်းဝယ်ရေးသမဝါယမ အသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ် ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲကို ဩဂုတ် ၂၆ ရက်က အဆိုပါအသင်းရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူ များက ငါးနှစ်တာ ဆက်လက်တာဝန်ယူဆောင်ရွက်ကြမည့် အမှုဆောင် သစ်များကို သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ် ရွေးချယ်ကြကာ အသင်းသားအားလုံးတို့၏ အတည်ပြုချက်ရယူ၍ ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# တိုင်းဒေသကြီး ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း အစည်းအဝေးကျင်းပ

မုံရွာ ဩဂုတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ထမ်း ပေါင်းစုံ ငွေစုငွေချေး သမဝါယမ အသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ် ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၂၅ ရက်က မုံရွာမြို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

ဦးစွာတိုင်းဒေသကြီးငွေစုငွေချေး သမဝါယမအသင်း ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အသင်း ဒုတိယဥက္ကဋ္ဌက (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ လုပ်ငန်း အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ် များကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဘဏ္ဍာရေးရှင်းတမ်း ဖတ်ကြားခြင်း၊ အသင်းသားများက ဆွေးနွေးတင်ပြခြင်းနှင့် ဆွေးနွေး တင်ပြချက်များအပေါ် တာဝန်ရှိသူ များက ပြန်လည်ဖြည့်စွက်ရှင်းလင်း ပေးခြင်းတို့ကို ဆောင်ရွက်ကာ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် ရှင်းတမ်း များအား အတည်ပြုချက်ရယူခဲ့ ကြောင်းသိရသည်။ **ဖိုးချမ်း(မုံရွာ)**

# အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ U–14 Boys Royal–D Cup 2026 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ




ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ U–14 Boys Royal–D Cup 2026 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မှော်ဘီမြို့နယ် အထက(ရွှေမြယာ)အသင်းနှင့် လှည်းကူးမြို့နယ် အထက(အင်းတိုင်)အသင်းတို့၏ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ကွာတားဖိုင်နယ်အထိ တက်ရောက်ခဲ့ကြသော အသင်းများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု၊ ဂိုးသွင်းအများဆုံး အားကစားသမားဆု၊ အကောင်းဆုံး ဂိုးသမားဆု၊ တတိယဆုရရှိသည့် ကွမ်းခြံကုန်းမြို့နယ် အထက(ဝက်ကိုက်)အသင်းနှင့် ဒုတိယဆုရရှိသည့် လှည်းကူးမြို့နယ် အထက (အင်းတိုင်) အသင်းတို့အား တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုဖလားများ၊ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မှော်ဘီမြို့နယ် အထက(ရွှေမြယာ)အသင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(မြန်/ဆက်)**

**✱ M–League မှ**

ပွဲစဉ်(၁) ပထမနေ့ကို ဩဂုတ် ၂၈ ရက်က စတင်ကျင်းပရာ ရတနာပုံအသင်းအနိုင်ရပြီး သစ္စာအားမာန်နှင့် မြဝတီအသင်း သရေကျခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက Chinland အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ရတနာပုံအသင်း အဖွင့်ဂိုးရခဲ့ပြီး နောက်ခံလူ အောင်ကျော်အေးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင်လည်း ရတနာပုံအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ၆၃ မိနစ်တွင် ယာအိုဇစ်တာက ဒုတိယဂိုးထပ်သွင်းခဲ့သည်။ Chinland အသင်းသည် ယင်းနောက်ပိုင်းတွင် ချေပဂိုးရရန် ကြိုးပမ်းခဲ့ရာ ၈၉ မိနစ်တွင် ဒက်ဘီက ဂိုးပြန်သွင်းသော်လည်း ဂိုးထပ်မသွင်းနိုင်သဖြင့် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။ ယခုပွဲအတွက် AYA Pay Player of the Match ကို ရတနာပုံကွင်းလယ်ကစားသမား ဗီတင်ဟိုက ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။

သန်လျင်သီဟဒီပကွင်း၌ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ တန်းတက်မြဝတီအသင်း ရှန်းကန်ခဲ့ပြီး အဖွင့်ပွဲမှာပင် သစ္စာအားမာန်အသင်းထံမှ သရေတစ်မှတ်ရယူနိုင်ခဲ့သည်။ နှစ်သင်းစလုံး ပထမပိုင်းသွင်းဂိုးများဖြင့် သရေကျခဲ့ပြီး ၁၀၊ ၄၅+၂ မိနစ်တွင် စိုးသက်မောင်က မြဝတီအသင်းအတွက် ဂိုးများသွင်းယူကာ သစ္စာအားမာန်အသင်းအတွက် ဂိုးများကို ၂၁ မိနစ်တွင် စောမျိုးဇော်၊ ၃၈ မိနစ်တွင် ပြည့်စုံအောင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ကို သစ္စာအားမာန်အသင်းအတွက် ပထမဂိုးသွင်းယူခဲ့သည့် စောမျိုးဇော်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။

ပွဲစဉ်(၁) ဒုတိယနေ့ကို ဩဂုတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပုသိမ်ကျောက်တိုင်ကွင်း၌ ဧရာဝတီယူနိုက်တက်နှင့် အား/ကာ သိပ္ပံ၊ သန်လျင်သီဟဒီပကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MNL**

## ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ Taxi ယာဉ်မောင်းအား ဓားဖြင့်ထိုး၍ လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသားသုံးဦးနှင့် ထန်းတပင်မြို့နယ်၌ ဓားဖြင့် ထိုးခုတ်၍ ဆိုင်ကယ်လုယက်မှုကျူးလွန်ခဲ့သူများအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ Taxi ယာဉ်မောင်းအား ဓားဖြင့်ထိုး၍ လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသားသုံးဦးနှင့် ထန်းတပင်မြို့နယ်၌ ဓားဖြင့် ထိုးခုတ်၍ ဆိုင်ကယ်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသားနှစ်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဗိုလ်ချုပ်ရပ်ကွက်နေ ဦးစိန်မြင့်ဦး(၅၁)နှစ်သည် ဩဂုတ် ၂၆ ရက် ည ၇ နာရီခွဲတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရိုးကြီး/ရိုးလေးကျေးရွာ အနော်ရထာလမ်းမကြီးရှိ Gas ဆိုင်အနီး၌ ၎င်းမောင်းနှင်သည့်Taxiယာဉ်အားအမျိုးသားသုံးဦးကဘုရင့်နောင်ကားကြီးဝင်းသို့ ငှားရမ်းခဲ့သဖြင့် လိုက်ပါပို့ဆောင်ခဲ့ရာ ဘုရင့်နောင်ပွဲရုံဝင်း “ဗန္ဓုလ” လက်ဖက်ခြောက် ရောင်းဝယ်ရေးပွဲရုံရှေ့အရောက်တွင် အဆိုပါ အမျိုးသားသုံးဦးက ဓားမြှောင်ဖြင့်ထိုးကာ ငွေကျပ်တစ်သိန်းနှင့် Vivo အမျိုးအစားဖုန်းတစ်လုံးတို့ကို လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိနိုင်ရေး ဘုရင့်နောင်နယ်မြေရဲစခန်း၌ (ပ)၁၈၆/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄/၁၁၄ ဖြင့် အမှုရေးဖွင့် စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၇ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဩဂုတ် ၂၇ ရက် ညပိုင်းတွင် မှော်ဘီမြို့နယ် အစုလေးကျေးရွာနေ ဦးအောင်မျိုးနိုင်(၃၈)နှစ်သည် ၎င်း၏နေအိမ်မှ ထန်းတပင်မြို့နယ် ပန်းတောကျေးရွာသို့ ၎င်းပိုင် ဆိုင်ကယ်ဖြင့် သွားရောက်စဉ် ပန်းတောကျေးရွာထိပ်အရောက် ဆိုင်ကယ်ရှေ့မှ လမ်းပိတ်ဆို့ ရပ်တန့်ခိုင်းကာ ဓားဖြင့်ထိုးခုတ်၍ ဆိုင်ကယ်အား လုယက်ယူဆောင်သွားခဲ့သဖြင့် လုယက်မှုကျူးလွန်သူများကို ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ တရားခံများဖြစ်ကြသည့် သန်းစိုးဦး(ခ) တက်တူး၊ မောင်မောင်ကြည်၊ ရဲဝင်း(ခ) ကျော်စွာဝင်းတို့ သုံးဦးနှင့် ဆိုင်ကယ်ကို လုယက်မှုကျူးလွန်ခဲ့သူ တရားခံ ချစ်ကိုကိုနှင့် မျိုးကျော်ကျော်တို့နှစ်ဦးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရန်ကျန် တရားခံများကို ထပ်မံဖမ်းဆီးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကလေးမြို့နယ်၌ ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၁ သိန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၈

ကလေးမြို့နယ်၌ ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၁ သိန်းကျော် သိမ်းဆည်းရမိပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၃ ရက် နံနက် ၇ နာရီတွင် သတင်းအရ ကလေးမြို့နယ် ချင်းတွင်းတံတားအနီးတွင် ဖမ်းလျှန်းပုမ်း မောင်းနှင်ပြီး ဒိုးရှုန်းမန်(ခ)မာန်ဇွေ့ လိုက်ပါလာသော KIA BOGON ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၉ ဒသမ ၂သိန်း သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိစိတ်ကြွဆေးပြားများကို လက်ခံသူများဖြစ်သည့် ကလေးမြို့ တောင်ဇီလာရပ်ကွက်နေ ပေါင်ရှင်းတွေ့ာင်(ခ)တွမ်ပီးနှင့် ၎င်း၏ဇနီး မဇင်လမ်မာန်တို့၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ပေါင်ရှင်းတွေ့ာင်(ခ) တွမ်ပီးအားမတွေ့ရှိရဘဲ မဇင်လမ်မာန်ကို ဖမ်းဆီးရမိပြီး ၎င်း၏ဖော်ထုတ်ချက်အရ ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက်နေ ဟောက်ခန့်ခွာလ်အား စိတ်ကြွဆေးပြား ၂ ဒသမ ၆ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် စုစုပေါင်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၉၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၁ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိစိတ်ကြွဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကလေးသို့ ပို့ဆောင်ရောင်းချပေးသူမှာ နမ့်စန်မြို့နေ ကောင်းစံ(ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး နမ့်စန်မှ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်သို့ ပို့ဆောင်ရောင်းချပေးခြင်းဖြစ်ကြောင်း၊ ပေါင်ရှင်းတွေ့ာင်(ခ)တွမ်ပီး (ဖမ်းဆီးရန်ကျန်)နှင့် ၎င်း၏ဇနီး မဇင်လမ်မာန်တို့က တန့်ဆည်မှ ကလေးသို့ ဆက်လက်သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**❂ တိုင်းဒေသကြီးမှ**

ယနေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ–တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ–တစ်ပွဲဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ–တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး)သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ–တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ–တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ–တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ–တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး)သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည့်အတွက် အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီ/တောင်ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်(၁၅)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦများ၏ ဓမ္မစေတီလမ်း၊ ရတနာလမ်း၊ မဟာဗောဂလမ်းဘက်မှ (၁၅ပေx၅၀ပေx၉ပေ)အကျယ်ရှိ အခန်းအမှတ်(၁၅အီး)(ဘယ်) (၆)ထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင် လက်ရှိဖြစ်လျက် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ယဉ်ယဉ်လှ[၁၄/ပသန(နိုင်)၀၁၅၆၉၄] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဇန်လျန်ထောင်း[၄/ဟခန(နိုင်)၀၀၀၀၈၁] က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ကြည်ကြည်မွန်အေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၅၆)**

**ဒေါ်ချောနု(LL.B, D.B.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၉၁)**

**ဖုန်း-၀၉-၄၂၁၀၀၄၆၆၁၊ ၀၉-၇၈၀၉၃၄၅၀၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ (၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ်(ဒ-၉၃)၊ မြေဧရိယာ(၀.၀၈၂)ဧကရှိ ဒေါ်အိရွှေစင်(ဘ)ဦးစိန်လွင်[၉/စကတ(နိုင်)၀၆၂၃၆၈]အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်အိရွှေစင် မှ ဒေါ်အိအိဖြိုး (ဘ) ဦးကြည်ဝင်း[၇/ပမန(နိုင်)၁၈၄၀၇၀]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်-၇၉၉၊ ဦးပိုင်အမှတ်-၉-က+၁၀၊ ၂၆ x ၂၇ကြား၊ ၆၂x၆၃ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်သင်းယုလွင်[၉/မရတ(နိုင်)၁၃၁၃၀၀]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၆၁/၂၀၂၂) ဖြင့်လွှဲအပ်ခြင်းခံရသူ ဒေါ်မြတ်သီရိစိုး[၉/မဟမ(နိုင်)၀၃၄၂၇၇]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
